မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၂၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၃၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ချင်းပြည်နယ်၌ ခရိုင်နှင့် မြို့နယ်အလိုက် လက်ဖက် ၁၄၉၅၂ ဧကစိုက်ပျိုးပြီးစီး

မြေအနေအထား၊ တောတောင်သဘာဝရာသီဥတု လက်ဖက်စိုက်ပျိုးရန် အသင့်တော်ဆုံးဖြစ်

တောင်ကုန်းတောင်စောင်း၊ ရုံးဌာနနှင့် နေအိမ်ဝန်းကျင်များပါမကျန် တိုးချဲ့စိုက်ပျိုး

နေပြည်တော် မေ ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၅ ရက် နံနက် ၆ နာရီ မိနစ် ၄၀ တွင် ဟားခါးမြို့ နယ်မြေခံတပ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ဟားခါးမြို့ ရန်းတောင်ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဟားခါးမြို့နယ် လက်ဖက်စိုက်ခင်း၌ လက်ဖက်ရွက် ခူးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မှာကြား

ရှေးဦးစွာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးကိုကိုက ဟားခါးမြို့နယ်နှင့် ကျေးရွာအုပ်စုအလိုက် လက်ဖက်စိုက်ပျိုးမှုအခြေအနေ၊ ရန်းတောင်ဝန်းကျင် လက်ဖက်စိုက်ပျိုးမှုအခြေအနေ၊ ချင်းပြည်နယ် ၂၀၀၆–၂၀၀၇ ခုနှစ် မြို့နယ်အလိုက် လက်ဖက်စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် ပြည်နယ်လျာထားချက် ပြည့်မီကျော်လွန်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများအနေဖြင့် လက်ဖက်ကို ဦးစားပေးစိုက်ပျိုးရန်နှင့် စီမံကိန်းပြည့်မီရေး အထူးကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ်ရဲတပ်ဖွဲ့ လက်ဖက်စိုက်ခင်း၌ လက်ဖက်ရွက်ခူးနေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။ အဆိုပါ ချင်းပြည်နယ်ရဲတပ်ဖွဲ့ စိုက်ပျိုးဧက ငါးဧက၌ လက်ဖက်အပင် ၁၈၀၀၀ စိုက်ပျိုးထားပြီး နှစ်ရှည်ပင် ထောပတ်အပင် ၈၀၊ သစ်အယ်အပင် ၁၈၀ နှင့် တညင်းအပင် ၅၀ စိုက်ပျိုးထားကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်းတောင် လက်ဖက်စိုက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ရှေးဦးစွာ

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မိုးလေဝသအခြေအနေ ၂၉-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၂၉ ရက်)

လမ်း၊ တံတား၊ ဆည်တမံများ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက် ဒေသဖွံ့ဖြိုးတိုးတက်ရေး အကျိုးရှိစွာအသုံးပြု

နိုင်ငံတော်အစိုးရသည် ဧရာဝတီမြစ်၏အနောက်ဘက်ခြမ်း ပခုက္ကူဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေး ဆောင်ရွက်ပေးလျက် ရှိသည်။ ပခုက္ကူဒေသ၏ သွားလာလွယ်ကူမှု၊ သောက်သုံးရေ၊ စိုက်ပျိုးရေ လုံလောက်မှု၊ ယာမြေမှ လယ်မြေအဖြစ်သို့ ပြောင်းလဲမှုစသည့် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးနိုင်ခြင်းကြောင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားအခြေအနေများ ကောင်းမွန်လျက် ရှိသည်။

ရာသီဥတုနှင့်ကိုက်ညီသည့် နှစ်ရှည်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံဝါကို တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး ခရမ်းရိုးကြက်ဆူပင်ကို ပြည့်မီကျော်လွန်အောင် ပျိုးထောင်စိုက်ပျိုးလျက် ရှိသည်။

ပခုက္ကူဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မော်တော်ကားလမ်း၊ လေယာဉ်ကွင်းများအပြင် ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး မီးရထားလမ်းကို ဖွင့်လှစ်ပေးခဲ့ပြီး ပခုက္ကူ–သရက်–ကြံခင်း မီးရထားလမ်းကိုလည်း ဖောက်လုပ်လျက်ရှိရာ မကြွေးတိုင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရေရရှိရေးအတွက် ငွေးချိုရေလှောင်တမံစီမံကိန်း၊ ဆင်ကြို့ရေလှောင်တမံစီမံကိန်းများကိုလည်း တည်ဆောက်အကောင်အထည်ဖော်လျက် ရှိသည်။

သို့ဖြစ်ရာ ပခုက္ကူဒေသ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားသည့်အရိပ်ရပင်များ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဖော်ထုတ်တည်ဆောက်ပေးထားသည့် လမ်း၊ တံတား၊ ဆည်တမံများကို ရေရှည်တည်တံ့ အသုံးပြုနိုင်အောင် ဒေသခံ တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်သည်။ ။

မြဝတီရုပ်မြင်သံကြား

၂၉–၅–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၅ ၇။ ပညာခေတ်
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း–၂၁)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မွေးမြူသုတ
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်း ရှစ်ကွက်** (အပိုင်း–၃၁)

ဟသ်ာတရွှေကျောင်း ပရိယတ္တိစာသင်တိုက် ဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

ရန်ကုန် မေ ၂၈

နိုင်ငံတော်က ကြီးမှူးကျင်းပခဲ့သည့် (၅၉)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် ဝိနယဓရ ဝိနယကောဝိဒ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ အောင်မြင်တော်မူသော ဧရာဝတီတိုင်း ဟသ်ာတမြို့ ဉယျာဉ်ကြီးရပ် ရွှေကျောင်းပရိယတ္တိစာသင်တိုက်မှ အရှင်သုခိန္ဒြိယအား ဂုဏဝိသိဋ္ဌ ပူဇာသဘင်ကို (နယုန်လပြည့်ကျော် ၄ရက်) ဇွန် ၃ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား လာရောက်၍ အတူတကွ ပူဇော်ကြရန်နှင့် ဆက်သွယ်လှူဒါန်း လိုသူများ ဖုန်း–၀၄၄–၂၂၀၆၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း ကျောက်ရေတွင်းလမ်းနေ ဦးရွှေဘော်၏ မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်း (ဗိုလ်မှူး၊ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ် (၁၀၂)နေ မောင်မင်းလွင်အောင် – မအိခိုင်ဇင်မွန်တို့က ဒဂုံမြို့နယ် အမှတ် ၁၆ ရ ကား ဝါ လမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ်တစ်သိန်းကို ရွှေရတုတိပိဋကဓရ တိပိဋက ကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တိပိဋကဓရ စာအောင်သံဃာများအား ချီးကျူးဂုဏ်ပြုပူဇော်

ရန်ကုန် မေ ၂၈

(၅၉)ကြိမ်မြောက် တိပိဋကဓရ စာအောင်သံဃာတော်များအား တိပိဋက ဓမ္မရက္ခိတအဖွဲ့က ချီးကျူးဂုဏ်ပြုပူဇော်သည့်အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်၌ ကျင်းပသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များက ပရိတ်တရားတော် ချီးမြှင့်တော်မူကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် တိပိဋက ဓမ္မရက္ခိတအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်တင့်က အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိပိဋက ဓမ္မရက္ခိတအဖွဲ့က ဂုဏ်ပြုစပ်ဆိုထားသောရတုဖြင့် ဆရာတော်များအား ပူဇော်ကြပြီး လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိပိဋက ဓမ္မရက္ခိတအဖွဲ့က ဆရာတော်အား တေးထပ်ဖြင့်ပူဇော်ကြပြီး တိပိဋကဓမ္မရက္ခိတအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တိပိဋကဓရ စာအောင် သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်လွှာများနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ရေစက်သွန်းချအမျှဝေ

ထို့နောက် ရေစကြိုဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ညောင်တုန်းဆရာတော်ကြီး၏ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဂုဏဝိသိဋ္ဌပူဇာ ကျင်းပမည်

ရန်ကုန် မေ ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသအား ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ တပည့်ဒါယကာ၊ ဒါယိကာမများက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဂုဏဝိသိဋ္ဌပူဇာသဘင်ကို ၁၃၆၉ ခုနှစ် နယုန်လပြည့်ကျော် ၃ ရက် ဖွန့် ၂ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ညောင်တုန်းမြို့ ဗိုလ်ချုပ်လမ်းဈေး မြောင်ရုံကြီးတွင် ဆင်ယင်ကျင်းပပူဇော်မည်ဟု သိရသည်။ (က-ပ)

အမှတ် ၁၂ ခြောက်ဖြတ်လမ်း ဘိုကလေးမြို့နေ ဦးမောင်မောင်တာ-ဒေါ်ငွေးငွေးရီ မိသားစုက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။(က-ပ)

နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဧရာဝတီတိုင်းအတွင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲများ တက်ရောက်

ရန်ကုန် မေ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မေ ၂၇ ရက် နံနက် ၇ နာရီက ဧရာဝတီတိုင်း ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော ကရင်ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က ကတ္တရာလမ်းသစ်နှင့် ပတ်သက်သည့် အချက်အလက်များ ရှင်းလင်းတင်ပြပြီးနောက် လမ်းသစ်အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်သွယ်သွားလာနိုင်

ကတ္တရာလမ်းသစ် ပြီးစီးသွားသဖြင့် ဟင်္သာတမြို့ပေါ် ရပ်ကွက်များဖြစ်သည့် တာငါးဆယ် တောင်၊ တာငါးဆယ် မြောက်၊ ညောင်ပင်၊ ပျဉ်းမချောင်း၊ လက်သမား၊ ရုံးကြီး၊ လယ်တီကွင်း၊ သုံးပင်ကွင်း၊ အေးမြသာယာ ရပ်ကွက်များနှင့် ခေါင်းဆေးကျွန်း၊ ချောင်းဖျားကြီး၊ ရွာသစ်၊ ချောင်းဖျားလေး၊ ကိုင်းချောင်း၊ အိပ်ပျက်ကျေးရွာတို့မှ အိမ်ခြေ ၇၅၈၆ အိမ်၊ အိမ်ထောင်စု ၈၀၃၀ မှ လူဦးရေ ၃၈၁၀၃ ဦးနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ကွန်ပျူတာတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများအတွက် ရာသီမရွေး သွားလာရေး လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် ဇလွန်မြို့ အနော်ရထာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ကတ္တရာလမ်းသစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းဟန်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၇၅၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၉၃ ဒသမ ၅ သိန်းဖြင့် ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။

အခက်အခဲမရှိ

ကတ္တရာလမ်းပြီးစီးသွား၍ မြို့ပေါ်ရပ်ကွက် ငါးခုရှိ အိမ်ခြေ ၄၈၃၉ အိမ်၊ အိမ်ထောင်စု ၅၀၀၂ စုမှ လူဦးရေ ၄၇၆၃၂ ဦးအတွက် သွားရေးလာရေး လွယ်ကူမြန်ဆန်စွာ အခက်အခဲမရှိ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ဇလွန်မြို့နယ် ခနေဘေး-သက္ကယ်ကျွန်းကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်သည်။

ကြည့်ရှုစစ်ဆေး

လမ်းသစ်ကို ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်တင်၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် လမ်းသစ်ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် အရှည် ၃ မိုင် ၇ ဖာလုံ၊ အကျယ် ၁၀ ပေရှိပြီး စည်ပင်သာယာရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၃၁ သိန်းဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။

လမ်းပြီးစီးသွားသဖြင့် ကျေးရွာအုပ်စု ခြောက်စုရှိ ကျေးရွာပေါင်း ၃၀၊ အိမ်ခြေ ၂၁၁၂ အိမ်၊ အိမ်ထောင်စု ၂၁၇၀ မှ လူဦးရေ ၁၀၇၉၆ ဦးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး လွယ်ကူမြန်ဆန်စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရင်းရင်းနှီးနှီး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဇလွန်မြို့နယ် မေရီလန်းကျေးရွာ အထက်တန်းကျောင်းခွဲ ခန်းမ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

လွယ်ကူချောမွေ့

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ရတနာသီရိလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ လမ်းသစ်ကို ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနိုင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် လမ်းသစ်ကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ လမ်းပြီးစီးသွားသဖြင့် မြို့ပေါ်ရပ်ကွက် ခုနစ်ခုရှိ အိမ်ခြေ ၁၇၉၅ အိမ်၊ အိမ်ထောင်စု ၁၇၉၅ စုမှ လူဦးရေ ၁၀၀၀၀ ကျော်အတွက် သွားလာရေး လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် နယုန်လဆန်း ၁၄ ရက် (အဖိတ်နေ့)
၂၉-၅-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	နှောင်းခေတ်တေးပဒေသာ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၆:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၁၀	၆။	ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၂၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၅၀	၁၁။	ကြေးမုံရိပ်သွင်တေးနှယဉ်
၁၉:၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သန်းတစ်ရာရွှေအိပ်မက်** (အပိုင်း-၃)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၁၄)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲနှင့် ဆေးပဒေသာပင်စိုက်ထူပွဲကျင်းပ

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲနှင့် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့အား နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံအုပ်ကြီး ဒေါက်တာကျော်လှမြင့်က အထူးကုဆေးရုံကြီးနှင့်စပ်လျဉ်း၍ မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတို့က ဆေးရုံကြီးဝင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့ဝင်များက စုပေါင်း၍ တပျော်တပါး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုနှင့် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ မှက်၊ ခြင်၊ ယင်များ ပေါက်ပွားမှုမရှိအောင် ဆေးဖျန်းခြင်း စသည့် အထူးသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလှူငွေပေးအပ်

ထို့နောက် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်စိုက်ထူ လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ဆေးပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ယင်းနောက် အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့က အလှူငွေကျပ် နှစ်သိန်းစီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် မိသားစုက အလှူငွေကျပ် တစ်သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေ ကျပ်နှစ်သိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ (အငြိမ်းစား)-ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး)၏ သားသမီးမြေးတစ်စုက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းက ငွေကျပ် ဆယ်သိန်း၊ ဦးမြသိန်း (တာမွေလေးရပ်ကွက်)၊ ဦးတင်မိုးအောင်(အရိုးကုန်းရပ်ကွက်)၊ ဒေါက်တာစောလှဖြူ (၆/က နတ်မောက်လမ်း)နှင့် ဦးသိန်းအောင် (Reynold ဘောပင်) နတ်ချောင်းရပ်ကွက်တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးကျော်မင်း(ကွမ်းသီးလုပ်ငန်း)က ငွေကျပ်နှစ်သိန်း၊ (Relax စားသောက်ဆိုင်)က ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက အမှိုက်ပုံး ၁၀ ပုံးနှင့် အမှိုက်အိတ် ၁၀၀၊ ဒေါ်ဝင်းဝင်းမာ (၃၄၉/ ဗညားဒလလမ်း)နှင့် ဦးစိုးမြင့်ကြည် (မေတ္တာညွန့်)တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် နှစ်ဆယ့်ရှစ်သိန်း ငါးသောင်းကို လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်လှမြင့်၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့က လက်ခံယူကြသည်။

(သတင်းစဉ်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

မေလ ၃၁ ရက်နေ့သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ၁၉၈၉ ခုနှစ်မှ စ၍ နှစ်စဉ် ကျင်းပလာခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်း၏ အန္တရာယ်များကို ပြည်သူများ သိမြင်သဘောပေါက် ရှောင်ကြဉ်နိုင်စေရန်အတွက် ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ပြီး ၂၀၀၀ပြည့်နှစ်မှစ၍ ဆေးလိပ်ကင်းဝေးရေး စီမံချက်ကို အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများမှ လေးနှစ်ကြာ စုပေါင်းရေးဆွဲခဲ့ရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက် တက်ရောက်၍ ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသအတွင်း ညှိနှိုင်းအစည်းအဝေးကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံက ၂၀၀၃ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အတည်ပြုခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်နှင့်အညီ ကွန်ဗင်းရှင်းပါ အချက်အလက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိလာသည်။ ဤသို့ တာဝန်ရှိလာသည့်အတိုင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၆ခုနှစ် မေလ ၄ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၅/၂၀၀၆)အဖြစ် ပြဋ္ဌာန်းခဲ့ပြီး တစ်နှစ်ပြည့်မြောက်သော ယခုနှစ် မေလ ၄ ရက်နေ့မှစ၍ အာဏာတည်ခဲ့သည်။ **မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းကို လက်ခံထားသော နိုင်ငံတစ်နိုင်ငံဖြစ်ရာ ကွန်ဗင်းရှင်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးသမိုင်းတွင် ထူးခြားသည့် မှတ်တိုင်တစ်ရပ် ဖြစ်လာခဲ့သည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ချီးကျူးဂုဏ်ပြုခဲ့သည်။**

ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ကို ပိုမိုသိရှိ နားလည်လာကြသည့်အလျောက် မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှု နှုန်းထားများလည်း လျော့နည်းကျဆင်းလျက်ရှိသည်ကို တွေ့ရသည်။ ကျောင်းသား၊ လူငယ်များအတွင်း ဆေးလိပ်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ခုနှစ် စစ်တမ်း(Global Youth Tobacco Survey 2001)အရ ရှစ်တန်း၊ ကိုးတန်း၊ ၁၀တန်း ကျောင်းသူ၊ ကျောင်းသားများ၏ ၁၆ ဒသမ ၉ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄ခုနှစ် စစ်တမ်း(Repeat Global Youth Tobacco Survey 2004)အရ ၉ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်းသိရှိရပြီး ကျောင်းသူ၊ ကျောင်းသားများအတွင်း ဆေးရွက်ကြီးသုံးစွဲမှု နှုန်းမှာလည်း ၂၀၀၁ ခုနှစ် စစ်တမ်းအရ ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းကျောင်းသူ၊ ကျောင်းသားများ၏ ၂၀ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၁၀ ဒသမ ၈ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း သိရှိရသည်။ အသက် ၁၅နှစ်နှင့်အထက် အမျိုးသားများအတွင်း ဆေးလိပ်သောက်သုံးသူ နှုန်းမှာလည်း ၁၉၉၀ ဝန်းကျင်တွင် ၆၀ ရာခိုင်နှုန်းကျော် ရှိခဲ့ရာမှ ၂၀၀၁ ခုနှစ်တွင် ၄၈ ရာခိုင်နှုန်းနှင့် ၂၀၀၄ ခုနှစ်တွင် ၃၁ ရာခိုင်နှုန်းကျော်သာ ရှိကြောင်း တွေ့ရသည်။ အမျိုးသမီးများအတွင်း ဆေးလိပ်သောက်သုံးမှုအနေဖြင့် မြို့ပြတွင် သိသာစွာ လျော့နည်းကျဆင်းလျက်ရှိရာ မြို့ပြနေအမျိုးသမီးထု၏ ၄ ရာခိုင်နှုန်းနှင့် ကျေးလက်နေ အမျိုးသမီးထု၏ ၂၀ ရာခိုင်နှုန်းခန့်မှာ ဆေးလိပ်သောက်သုံးလျက်ရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းကို လက်ခံထားသော နိုင်ငံတစ်နိုင်ငံဖြစ်ရာ ကွန်ဗင်းရှင်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးသမိုင်းတွင် ထူးခြားသည့် မှတ်တိုင်တစ်ရပ် ဖြစ်လာခဲ့သည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ချီးကျူးဂုဏ်ပြုခဲ့။

ဒေါက်တာ ညိုညိုကြိုင်

မြန်မာနိုင်ငံတွင် နှစ်စဉ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်သော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်များကို မြန်မာဘာသာသို့ ပြန်ဆိုပြီး ၎င်းဆောင်ပုဒ်များ၏ ရည်မှန်းချက်များအတိုင်း တစ်နှစ်ပတ်လုံး လှုပ်ရှား ဆောင်ရွက်ခဲ့ကြသည်။ ဥပမာအားဖြင့် ၂၀၀၂ ခုနှစ် ဆောင်ပုဒ်ဖြစ်သော "Tobacco Free Sports: Play it Clean"ကို **"ဆေးလိပ်ဆေးရွက် မပတ်သက်၊ အားကစားသက်သက်၊ တို့ချီတက်"**ဟူ၍ ဘာသာပြန်ဆိုပြီး ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို အားကစားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပူးပေါင်း၍ သုဝဏ္ဏအားကစားကွင်းတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရခြင်းကြောင့် ဖြစ်ပေါ်ရသော ကျန်းမာရေးဆိုးကျိုးများမှ ကာကွယ်နိုင်ရန်အတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေမှာ ဆေးလိပ်သောက်ခွင့်မရှိသော နေရာများကို သတ်မှတ်ဖော်ပြထား။

ဆေးလိပ် လုံးဝသောက်ခွင့်မရှိသော နေရာများကို ပြဋ္ဌာန်းခြင်းအားဖြင့် ဆေးလိပ်ငွေ့ကြောင့် ဖြစ်ပေါ်ရသော ကျန်းမာရေးဆိုးကျိုး အမျိုးမျိုးအား သိသာစွာ လျော့နည်းကျဆင်းလာစေမည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ အခြားဝန်ကြီးဌာနများအားလုံးနှင့် လူမှုရေးအဖွဲ့အစည်းများက ပြည်သူလူထုအတွင်း ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရေးအတွက် အင်တိုက်အားတိုက် ပါဝင်ပူးပေါင်းဆောင်ရွက်ကြ။

၂၀၀၃ ခုနှစ် ဆောင်ပုဒ်ဖြစ်သော "Tobacco free film: tobacco free fashion, Action" ဟူသော ဆောင်ပုဒ်ကို **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"**ဟု ဘာသာပြန်ဆိုပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့နှင့် ပူးပေါင်း၍ ဆေးလိပ်မသောက်ရေးနေ့ လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၇ ခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော ဆောင်ပုဒ်မှာ "Smoke free environments "ဖြစ်ပြီး မြန်မာဘာသာဖြင့် **"ဆေးလိပ်ငွေ့ကင်းစင်ရေး၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေး"**ဟူ၍ ပြန်ဆိုထားသည်။ ဤဆောင်ပုဒ်၏ ဦးတည်ချက်မှာ ဆေးလိပ်သောက်ရာမှ ထွက်လာသော ဆေးလိပ်ငွေ့များကို ရှူရှိုက်ရသည့် အန္တရာယ်မှကင်းဝေးစေရန်အတွက် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို ဖန်တီးထူထောင်နိုင်စေရန် လှုံ့ဆော်လိုရင်း ဖြစ်ပါသည်။

ဆေးရွက်ကြီးကို အသုံးပြုပြီး ထုတ်လုပ်သုံးစွဲသည့် ဆေးရွက်ကြီးထွက်ပစ္စည်းများမှာ အငွေ့ထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်း (Smoking Tobacco) နှင့် အငွေ့မထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်း (Smokeless Tobacco)ဟူ၍ အဓိကအားဖြင့် နှစ်မျိုး၊ နှစ်စားခွဲခြားထားနိုင်သည်။ အငွေ့ထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်းအုပ်စုမှာ စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်၊ ဆေးတံ၊ ရေပြောင်းစသည်တို့ပါဝင်ပြီး အငွေ့မထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်းမှာ ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းယာထဲတွင် ဆေးရွက်ကြီး၊ ဆေးပေါင်း၊ နှပ်ဆေးစသည်တို့ထည့်၍ စားခြင်း၊ ဆေးရွက်ကြီးကို ရေစိမ်၍သောက်ခြင်းစသည်တို့ ပါဝင်သည်။ ဆေးရွက်ကြီးကို အခြေခံ၍ လုပ်သည့် ပစ္စည်းမှန်သမျှကို အငွေ့ရှူသည်ဖြစ်စေ၊ အငွေ့မရှူဘဲ ငုံ၍ဖြစ်စေ၊ စား၍ဖြစ်စေ ကျန်းမာရေးကို ထိခိုက်နိုင်သည်။

ဆေးလိပ်ကို မီးရှို့ရာမှထွက်လာသော ဆေးလိပ်ငွေ့ကို နှစ်မျိုးခွဲနိုင်သည်။ ပတ်ဝန်းကျင်လေထုထဲတွင် ပျံ့နှံ့လျက်ရှိသည့် ဆေးလိပ်ငွေ့ (Environmental tobacco smoke)မှာ ပင်မ ဆေးလိပ်ငွေ့ (Mainstream smoke)နှင့် ဘေးထွက်ဆေးလိပ်ငွေ့ (Side stream smoke)နှစ်မျိုး လုံးပါဝင်သည်။ ပင်မဆေးလိပ်ငွေ့ဆိုသည်မှာ ဆေးလိပ်သောက်သည့်သူက လေထဲကို မှုတ်ထုတ်လိုက်သော ဆေးလိပ်ငွေ့ဖြစ်သည်။ ဘေးထွက်ဆေးလိပ်ငွေ့ဆိုသည်မှာ ဆေးလိပ်သောက်သောသူမှ ဆေးလိပ်တစ်ဖွာနှင့် တစ်ဖွာကြားတွင် ဆေးလိပ်ကို လက်ကြားညှပ်ပြီး ကိုင်ထားစဉ်သော်လည်းကောင်း၊ မီးညှိထားသော ဆေးလိပ်ကို ချထားစဉ်မှာ သော်လည်းကောင်း မီးညှိထားသည့် ဆေးလိပ်မှထွက်ပေါ်နေသော အငွေ့ဖြစ်သည်။ ပင်မဆေးလိပ်ငွေ့နှင့် ဘေးထွက်ဆေးလိပ်ငွေ့ နှစ်ခုလုံးမှာ နီကိုတင်းနှင့် ကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းများများစွာပါဝင်ပြီး ဤအငွေ့များကို ရှူခြင်းအားဖြင့် အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ ခံတွင်းကင်ဆာ စသောကင်ဆာများ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ သွေးတိုးရောဂါ၊ ခြေဖျားလက်ဖျား သွေးကြောပိတ်ရောဂါ စသောရောဂါများ ဖြစ်စေနိုင်သည်။ ကိုယ်ဝန်ဆောင်မိခင်များဆိုလျှင် ကိုယ်ဝန်ပျက်ခြင်း၊ တစ်နှစ်အောက်ကလေးငယ် ရုတ်တရက်သေဆုံးခြင်း၊ ကိုယ်အလေးချိန်မပြည့်သော ကလေးမွေးဖွားခြင်း၊ ဉာဏ်ရည်မမီသော ကလေးဖြစ်ခြင်းတို့ကို ဖြစ်စေပြီး ဆေးလိပ်ငွေ့ရှူရသည့် ကလေးသူငယ်များတွင်လည်း ရင်ကျပ်ရောဂါ၊ လေပြွန်ရောင်ရောဂါ၊ အဆုတ်ရောင်ရောဂါတို့ကို ဖြစ်စေသည်။ ကလေးငယ်များ၏အဆုတ်များသည်လူကြီး၏အဆုတ်ထက် ပိုမိုသေးငယ်ခြင်းကြောင့် ဆေးလိပ်ငွေ့၏ ဆိုးကျိုးများကို ပိုမိုခံစားရသည်။

ယခုကဲ့သို့ သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရခြင်းကြောင့် ဖြစ်ပေါ်ရသော ကျန်းမာရေးဆိုးကျိုးများမှ ကာကွယ်နိုင်ရန်အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေမှာ ဆေးလိပ်သောက်ခွင့်မရှိသော နေရာများကို သတ်မှတ်ဖော်ပြထားရှိပြီး ဖြစ်သည်။ အများပြည်သူနှင့်ဆိုင်သော ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်းများ၊ ခရီးသည် သယ်ယူပို့ဆောင်သော မော်တော်ယာဉ်နှင့် လေယာဉ်များ၊ လေအေးစက်တပ်ဆင်ထားသော အများပြည်သူသုံး ခန်းမကြီးများ၊ ဓာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသော အဆောက်အအုံများ၊ ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်၊ အမိုးအကာရှိသော ဈေးရုံများတို့မှာ ဆေးလိပ်လုံးဝသောက်ခွင့် မရှိသော နေရာများဖြစ်သည်။ ဤကဲ့သို့ ဆေးလိပ် လုံးဝသောက်ခွင့်မရှိသော နေရာများကို ပြဋ္ဌာန်းခြင်းအားဖြင့် ဆေးလိပ်ငွေ့ကြောင့် ဖြစ်ပေါ်ရသော ကျန်းမာရေးဆိုးကျိုး အမျိုးမျိုးအား သိသာစွာ လျော့နည်းကျဆင်းလာစေမည် ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ အခြားဝန်ကြီးဌာနများ အားလုံးနှင့် လူမှုရေးအဖွဲ့အစည်းများက ပြည်သူလူထုအတွင်း ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရေးအတွက် အင်တိုက်အားတိုက် ပါဝင်ပူးပေါင်း ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

မြန်အောင်မြို့ တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ
တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ဖွင့်လှစ်ပေး
ငွေကျပ်သိန်း ၆၀ကျော် အကုန်အကျခံဆောက်လုပ်ခဲ့

နေပြည်တော် မေ ၂၈

ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ် တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၂ ရက် နံနက် ၇ နာရီခွဲက အဆိုပါ တိုင်းရင်းဆေးခန်းအဆောက်အအုံရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးကျော်စန်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းဝင်များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးအေးကြူက တိုင်းရင်းဆေးကုဌာန အဆောက်အအုံဆောက်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကာ တိုင်းရင်းဆေးကုခန်းနှင့် ပတ်သက်သောစာရွက်စာတမ်းများကို တိုင်းရင်းဆေးပညာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းဝင်းထံ ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းရင်းဆေးခန်းဆောက်လုပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်မြက ဖွင့်ပွဲအထိမ်းအမှတ်အလံများကို တိုင်းမှူးနှင့် တာဝန်ရှိသူ များအား ပေးအပ်ပြီး တိုင်းဦးစီးမှူး ဦးသန်းဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌဦးအေးကြူတို့ကအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ တိုင်းမှူးသည် မြို့နယ် တိုင်းရင်းဆေးကုဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)**ဆေးခန်းအဆောက်အအုံနှင့် ပရဆေးဥယျာဉ်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

အဆိုပါ တိုင်းရင်းဆေးကုဌာနသည် မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက် ကျောင်းကြီးလမ်းတွင်ရှိပြီး ဆေးခန်းအဆောက်အအုံမှာ အလျားပေ ၃၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ အုတ်နံကပ်တိုက် အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မှ ခွင့်ပြုငွေ ကျပ်သိန်း၂၀၊ ဒေသခံပြည်သူများထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၄၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ တစ်နေ့လျှင်လူနာ ၂၀ခန့်အား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

လက်တွဲပူးပေါင်း

ထိုမှတစ်ဆင့် တိုင်းမှူးသည် နယ်မြေခံတပ်၏ ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် လက်တွဲပူးပေါင်း ကြိုးပမ်း ဆောင်ရွက်ရေး မှာကြားသည်။

ခြံစည်းရိုးကြက်ဆူစုပေါင်းစိုက်ပျိုး

ထို့နောက် တိုင်းမှူးသည်မြန်အောင်မြို့နယ် ဘုရားသုံးဆူကွင်းရှိ မြေခုနစ်ဧကတွင် ပြုလုပ်သော ခြံစည်းရိုးကြက်ဆူစုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးကြူက မြို့နယ်၏ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးသည်ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံများထံ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးသည် ကြက်ဆူပျိုးပင်များကို စိုက်ပျိုးပေးကာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအား ပေးသည်။

မြန်အောင်မြို့နယ် အနေဖြင့်ခြံစည်းရိုးကြက်ဆူအား ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း လျာထားဧက ၈၅၀ ဖြစ်ပြီး ၁၀၀၆ ဧကစိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သည်။

ထို့နောက်တိုင်းမှူးသည် မြန်အောင်မြို့နယ် ဆင်ကျုံးကွင်းကျေးရွာ ကွင်းအမှတ်(၂၃/က)သို့ ရောက်ရှိရာ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်ဦးက တောင်သူဦးကြည်ဝင်း၏ လယ်မြေတစ်ဧက၌ တစ်မိုးနှစ်သီး၊ ပထမစပါး ထွန်းသီရိ၊ ဒုတိယစပါး သီးထပ်ရင်စိုက်ပျိုးမည့်အခြေအနေနှင့် မြို့နယ်အတွင်း ကွန်းချောင်း ရေလှောင်တမံမှ ရေဖြင့် စပါး၊ ပဲ၊ စပါးစိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ရာသီချိန်နှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော မျိုးများဖြင့် စံနမူနာပြဖြစ်အောင် စိုက်ပျိုးသွားရေးနှင့် တောင်သူများ သိရှိနားလည်အောင် ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍တိုင်းမှူးသည်တောင်သူဦးညိုသန့်၏ နွေစပါးရွှေမြန်မာနှစ်ဧက ရိတ်သိမ်း ခြွေလှေ့နေမှုကိုလည်းကောင်း၊ မြို့နယ်စံပြကွက်ရှင်းလင်းဆောင်ရွေ့တွင် ပြသထားသော သဘာဝမြေဩဇာ၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေးများကိုလည်းကောင်း၊ တောင်သူများအား စုပါဘိုကာရှီ ပြုလုပ်ပုံအဆင့်ဆင့်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ရောင်းချပေးသောကြံမြှုပ်ချေး အခြေခံသဘာဝ မြေဩဇာများ သရုပ်ပြသမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍တိုင်းမှူးသည်အင်္ဂပူမြို့ မြန်မာ့လျှပ်စစ်ဓာတ်အားပေးရုံးဝင်း၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပျိုးပွဲသို့ တက်ရောက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား မျိုးစေ့နှင့် ပျိုးကိုင်းများဖြန့်ဝေပေးကာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဦးဆောင်ပျိုးထောင်ပေးကြပြီး တက်ရောက်လာကြသူများ၏ စုပေါင်းပျိုးထောင်မှုကို ကြည့်ရှု အားပေးသည်။

ဝေန်တံတား(မြို့ကွင်း)

ထိုမှတစ်ဆင့် တိုင်းမှူးသည်ဝေန်တံတား(မြို့ကွင်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် အင်ဂျင်နီယာမှူး ဦးကျော်လင်းက ချဉ်းကပ်လမ်းနှင့် လုပ်ငန်းတစ်ခုလုံး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး တိုင်းမှူးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ဈေးနှုန်းသက်သာရေး၊ အလေးချိန်မှန်ကန်ရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ကွပ်ကဲ

ရန်ကုန် မေ ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာပတ်လမ်းရှိ အခွန်လွတ်ဈေး၊ လှိုင်သာယာမြို့နယ် အမှတ်(၈) ရပ်ကွက်ရှိ အခွန်လွတ်ဈေး၊ ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ် အခွန်လွတ်ဈေးများအတွင်း တည်ခင်းရောင်းချနေသော မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်အရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း စားအုန်းဆီအရောင်းဆိုင်၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင် ကုန်ခြောက်အရောင်းဆိုင်၊ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီ ငွေပင်လယ် ပင်လယ်ငါးအရောင်းဆိုင်၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ခြံထွက်အရောင်းဆိုင်၊ မှော်ဘီပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပန်းအရောင်းဆိုင်၊ ရွာသာကြီး ငါးပုစွန်၊ ကျောက်တန်း ငါး ပုစွန်၊ တွံတေးနှင့်လေးထောင့်ကန်ငါး ပုစွန် အရောင်းဆိုင်များ၊ ကုန်ခြောက်ပစ္စည်းနှင့် လူ့အသုံးဆောင်ပစ္စည်းများ တည်ခင်းရောင်းချနေသည့်သား၊ ငါးနှင့် သစ်သီးဝလံ ပန်းမန်များကို ကြည့်ရှုစစ်ဆေးသည်။

မှာကြားခဲ့

ဒုတိယမြို့တော်ဝန်က တာဝန်ရှိသူများအား ဈေးနှုန်းသက်သာရေး၊ အလေးချိန်မှန်ကန်ရေး၊ သန့်ရှင်းလတ်ဆတ်စေရေး၊ ဝယ်ယူသူ ပြည်သူများ စိတ်ချမ်းသာရေး၊ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ကွပ်ကဲရေး စသည့်အခွန်လွတ်ဈေး၏ ရည်ရွယ်ချက်(၅)ရပ်နှင့်အညီ အလေးပေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်းမပေါ့နှင့်

သစ်သီး အလှပုံဖော်သင်တန်း ပင်လောင်း၌ဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ သစ်သီးအလှပုံဖော်သင်တန်းကို မေ ၂ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် ကျင်းပရာ သင်တန်းတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းက အမှာစကား ပြောကြားပြီး နည်းပြများ ဖြစ်သော ဒေါ်သန်းသန်းထွေးနှင့် ဒေါ်ညိုညိုစမ်းတို့က သစ်သီးအလှပုံဖော်နည်းပညာများပို့ချခဲ့ကြသည်။ သင်တန်းသို့ အသင်းခွဲများမှ မိခင်နှင့်ကလေး အသင်းဝင်၆၀တက်ရောက်သည်။

(မြို့နယ် ပြန်/ဆက်)

စည်/ပင် ဒုတိယညွှန်ချုပ် ဆားမော်ချောင်းကူး သစ်သားတံတားစစ်ဆေး

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့်သည် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို၊ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးဦးညီညီတင်တို့နှင့်အတူ မေ ၉ရက်က မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်ပြီးစီးသည့် အရှည်၇၅ပေ၊ အကျယ်၁၄ပေရှိ ဆားမော်ချောင်းကူး ကွန်ကရစ်အုတ်ခုံခံသစ်သားတံတားကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးစန်းဝင်းက တံတားနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(၄၁၆)

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်း

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးအဆင့်(၁/၂)ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်းပွဲကို မေ ၂၅ရက်က အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးဇော်စိုးက အမှာစကား ပြောကြားပြီး သင်တန်းတွင်ထူးချွန်ဆုရသူများအား ဂုဏ်ပြုဆုများပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း
ပြည်တွင်း သတင်း အတိုအထွာ

ရေစကြို၌ အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးနှံ

မကွေးတိုင်း ရေစကြိုမြို့ ခေတ္တဆေးရုံအုပ် ဒေါက်တာငုဝါ၏ ဦးဆောင်မှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကူညီပံ့ပိုးမှုဖြင့် ရေစကြိုမြို့နယ်လုံးကျွတ် အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးသူငယ် ရင်သွေးငယ်များကို အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးကို မေ ၁၄ရက်မှ စတင်ပြီး အခြေစိုက်စခန်း အသီးသီးတွင် ကျန်းမာရေးဝန်ထမ်းများက စနစ်တကျ ထိုးနှံပေးလျက်ရှိသည့်အပြင် မိခင်များအား ကျန်းမာရေးပညာပေး ဟောပြောကြောင်း သိရသည်။ (၂၅၁)

ဖောင်းပြင် ပညာ့အလင်းစာကြည့်တိုက် e- Library ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး

စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ်ပညာ့အလင်းစာကြည့်တိုက် e-Library ရှင်သန်ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၅ရက်နံနက် ၉နာရီက ဖောင်းပြင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားပြခန်း၌ ကျင်းပရာ စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက ပညာ့အလင်း ခေတ်မီစာကြည့်တိုက် e- Library မှ အခြေခံကွန်ပျူတာ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရေး၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ပြင်ပပညာရှင်များက ပညာ့အလင်း ခေတ်မီစာကြည့်တိုက် e-Library တွင် စင်တင်ထားရှိသည့် ပညာရေးစီဒီချပ်များကို စဉ်ဆက်မပြတ် လေ့လာဖတ်ရှုရေးကိစ္စတို့ကို ဆွေးနွေးသည်။

ဆက်လက်ပြီး မြို့နယ်ဥက္ကဋ္ဌဦးစိုးလွင်က ဖောင်းပြင်မြို့နယ်တွင် ကွန်ပျူတာပညာရပ်များ ကျယ်ကျယ်ပြန့်ပြန့် လေ့လာအသုံးချရေး၊ အခြေခံ ကွန်ပျူတာသင်တန်းများဖွင့်လှစ်ရေး ဆွေးနွေးသည်။

ထို့နောက် ဌာနဆိုင်ရာများနှင့် မြို့ရပ်မိရပ်ဖများက ဝိုင်းဝန်းဆွေးနွေးအကြံပေးကြကြောင်း သိရသည်။ (တိုင်း ပြန်/ဆက်)

အင်္ဂလိပ်စကားပြော၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကွန်ပျူတာသင်တန်းဆင်းပွဲ ကျောက်ဆည်၌ ကျင်းပ

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးဖွင့်လှစ်သည့် အင်္ဂလိပ်စကားပြော၊ နိုင်ငံတကာ ဆက်ဆံရေးနှင့် ကွန်ပျူတာသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၈ နာရီက ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးသီဟဆွေတို့က သင်တန်းဆင်းအမှာစကား ပြောကြားကြပြီး အင်္ဂလိပ်စကားပြောသင်တန်းတွင် ပထမဆုရ ဦးမင်းဟန် (လဝက)နှင့် ဒေါ်စန်းယုမော်(လဝက)၊ ဒုတိယဆုရ ဒေါ်သူဇာမြင့်(ပညာရေး)၊ တတိယဆုရ မောင်ကြည်ဆွေသန့်တို့အား မြို့နယ်ဥက္ကဋ္ဌကလည်းကောင်း၊ နည်းပြဂုဏ်ပြုလက်ဆောင်များနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်အသင်း အတွင်းရေးမှူးကလည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက ကျောက်ဆည်မြို့အကြောင်း အင်္ဂလိပ်စကားပြောစွမ်းရည် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မော်တော်ယာဉ်များ သတ်မှတ်မိုင်နှုန်းအတိုင်းမောင်းနှင်
မှတ်တိုင်မဟုတ်သောနေရာများ၌ လူအတင်အချမပြုလုပ်ရေး ပညာပေး ယာဉ်စီးခသတ်မှတ်နှုန်းထက် ပိုမိုတောင်းခံခြင်းမရှိစေရေး ကြပ်မတ်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၅ရက် ညနေ၅နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ကားများ အရှိန်ပြင်းစွာမောင်းနှင်မှုကြောင့် အရှိန်မထိန်းနိုင်ဖြစ်ကာလမ်းဘေးမှလူ၊ယာဉ်နှင့်အဆောက်အအုံများအား ဝင်ရောက်တိုက်မိခြင်းများ ရှိသဖြင့် မော်တော်ယာဉ်များ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ကြရန်၊ မီးပွိုင့်များအနီးနှင့် မှတ်တိုင်မဟုတ်သော နေရာများ၌ လူအတင်အချပြုလုပ်ခြင်း၊ ယာဉ်ကြော နှစ်ထပ်ရပ်ခြင်းများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးမေးမြန်း လေ့ကျင့်စေခြင်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ဓာတ်ငွေ့အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိရာ ဆိုင်များ၏ လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်ပေးသွားရန်၊ လူသွားစင်္ကြံများပေါ်တွင် ကျူးကျော်ဈေးဆိုင်များ ဆောက်လုပ်ရောင်းချနေခြင်းအား ကွင်းဆင်းစစ်ဆေး ပြုပြင်သွားကြရန်၊ ခရီးသည်တင်ယာဉ်လိုင်းများ ယာဉ်စီးခကို သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံပြေးဆွဲခြင်းမရှိရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန်၊ မြစ်ကြောင်းများတွင် စက်တပ်သမ္ဗန်များ တိုက်ခိုက်တိမ်းမှောက်မှု မဖြစ်စေရေး၊ ခရီးသည်များ အန္တရာယ် ကင်းရှင်းရေးအတွက် အချက်ပြမီးနှင့် သက်ကယ်ဖောများ တပ်ဆင်ထားရှိရေး၊မြင်ကွင်းကန့်သတ်ချိန်နှင့် ရာသီဥတုဆိုးရွားချိန်တွင် ကူးတို့သမ္ဗန်များရပ်နားထားရှိရေးနှင့်စည်းကမ်းလိုက်နာမှုမရှိသူများအား စစ်ဆေးအရေးယူဆောင်ရွက်သွားကြရန်၊ ရန်ကုန်မြစ်အတွင်း ဗေဒါနှင့်စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေး သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ကြပ်မတ်ဆောင်ရွက်ကြရန်၊မီးရထားစီးခရီးသည်များ အန္တရာယ် ကင်းရှင်းစေရေး၊ မီးရထားရဲနှင့် တွဲစောင့်များက ကြပ်မတ်ဆောင်ရွက်ပေးကြရန်တို့ကိုပြောကြားသည်။

ထို့နောက် ကော်မတီအသီးသီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်တော်ယာဉ်လိုင်းဥက္ကဋ္ဌများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကိစ္စရပ်များ၊ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် တက္ကသိုလ်၊ ကောလိပ်ကြို/ပို့ယာဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အထူးဂရုပြုကြပ်မတ်

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ယာဉ်အန္တရာယ် ကင်းရှင်းစေရေး အထူးဂရုပြု ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္တာမဟာစည်ရိပ်သာ၌ မြတ်သစ္စာသိမ်တော် ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း အမှတ် ၂၀၇(B)နေ ဦးပိုက်တင်-ဒေါ်စီစီနွဲ့ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအမကြီး ဒေါ်လှခင်စောက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

မူးယစ်

ကင်းစင်

အလှဆင်

မိုးတွင်းကာလ ဆောင်ရွက်ရမည့်လုပ်ငန်းများ ကြိုတင်ဆောင်ရွက် ဆောင်ရွက်ပြီးလမ်းများ မပျက်စီးအောင် ညွှန်ကြားချက်အတိုင်းလိုက်နာ

နေပြည်တော် မေ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၅ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့မှ ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မိုင်တိုင်၃၇/၆တွင် ငွေးချိုစခန်း လမ်းစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

အဆိုပါ စီမံကိန်းရှင်းလင်းဆောင်တွင် လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၅)တာဝန်ခံ အင်ဂျင်နီယာမှူး ဦးစန်းဝေနှင့် ပျဉ်းမနားခရိုင် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့က တာဝန်ယူဆောင်ရွက်ရသောလမ်းမိုင် ၁၀မိုင် ၅ ဖာလုံမှ ၆၆မိုင်၂ဖာလုံအတွင်း ယခုဘဏ္ဍာရေးနှစ်တွင် ပေ၄၀အကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်း၊ ၂၄ပေ အကျယ်ကျောက်ခင်း၍ ကတ္တရာခင်းခြင်းလုပ်ငန်း၊ ကတ္တရာလမ်းသားဟောင်းများ ပြုပြင်မည့် လုပ်ငန်းအစီအမံများကို ဝန်ကြီးအား ရှင်းလင်းတင်ပြရာ မကွေးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်မြင့်က ဖြည့်စွက်တင်ပြသည်။

မှာကြား

ဝန်ကြီးက မိုးတွင်းကာလ ဆောင်ရွက်ရမည့် လုပ်ငန်းများ စီမံချက်ချ၍ ကြိုတင်ဆောင်ရွက်ရန်၊ ဆောင်ရွက်ပြီးလမ်းများ၊ မပျက်စီးအောင် ညွှန်ကြားချက်များအတိုင်း တိတိကျကျ လိုက်နာလုပ်ကိုင်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

လမ်းတံတားလုပ်ငန်းစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဆက်လက် ထွက်ခွာ၍ လမ်းတစ်လျှောက်လမ်း၊ တံတားလုပ်ငန်းများစစ်ဆေးပြီး မကွေးမြို့မှ ရန်ကုန်-ပြည်-မန္တလေး လမ်းမိုင်တိုင်(၃၄၄/၇)တွင် ဒေါင်းနေချောင်းတံတား တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိသည်။

လုပ်ငန်းခွင်ယာယီရှင်းလင်းဆောင်တွင် ဒေါင်းနေချောင်းတံတား တည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာမှူး ဦးကျော်လင်းက တံတားလုပ်ငန်း မြေစမ်းသပ်နေမှုနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးချုပ် တံတားဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးစိန်မောင်က ဖြည့်စွက်တင်ပြသည်။ ဝန်ကြီးသည် တံတားအူကြောင်းနှင့် လက်ရှိမြေပြင် ဒေါင်းနေချောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပံ့ပိုးပေး

ဝန်ကြီးက အသေးစိတ် လုပ်ဆောင်ရမည့် အချက်အလက်များကို တာဝန်ခံ အင်ဂျင်နီယာများအား မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူများစာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိရန် လားရှိုး၌ စာဖတ်ဝိုင်းများ ကျင်းပ

ရန်ကုန် မေ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ ခိုင်မာစွာတည်တံ့ရေးနှင့် ပြည်သူများ အမှန်တကယ် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိရန် စာဖတ်ဝိုင်းများကို ဆောင်ရွက်လျက်ရှိရာ ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် လားရှိုးမြို့နယ် ဦးစီးမှူး ဒေါ်ခင်ညွန့်၊ မိုင်းရယ်မြို့နယ် ဦးစီးမှူး ဦးစိုင်းရွှေလှတို့သည် မေ ၁၅ရက်က လားရှိုးမြို့နယ် မန်ပျဉ်ကျေးရွာ၊နမ့်ပေါင်ကျေးရွာနှင့် နမ္မဖောဒကျေးရွာတို့တွင်လည်းကောင်း၊ ၁၆ရက်က မိုင်းရယ်မြို့နယ် လွယ်ငင်းကျေးရွာတွင် လည်းကောင်း ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ ဆောင်ရွက်မှုတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ပြည်သူများ အသိပညာ ဗဟုသုတ ရရှိစေရန် နေ့စဉ်ထုတ်သတင်းစာများကို ကျေးရွာစာကြည့်တိုက်များသို့ လှူဒါန်းခဲ့ရာ ခရိုင်ဦးစီးအရာရှိက တိုင်းမှူးကိုယ်စား ကျေးရွာဥက္ကဋ္ဌများသို့ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ကျေးရွာစာကြည့်တိုက်များ‌ရေရှည်ခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက် စာကြည့်တိုက်ပိုင် အဆောက်အအုံများကို ဒေသနှင့် လိုက်လျောညီထွေသော အဆောက်အအုံများဆောက်လုပ်ပေးရေးနှင့်ပြည်သူများအမှန်တကယ်စာဖတ်သည့် စာဖတ်ဝိုင်းများကို ဆောင်ရွက်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

အဆင့်မြင့် ဘောလုံးအားကစား သင်တန်းဆင်း

ရန်ကုန် မေ ၂၈

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအဆင့်မြင့် ဘောလုံးအားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက အိုလံပစ်ဟိုတယ် (သုဝဏ္ဏ)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်း အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကျေးဇူးတင်စကားပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေး

ယင်းနောက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ရာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက အသက်(ရှစ်နှစ်၊ ကိုးနှစ်၊ ၁၀ နှစ်) အုပ်စု၊ အသက်(၁၁)နှစ်အုပ်စု၊ အသက်(၁၂)နှစ်အုပ်စုနှင့် အသက်(၁၃)နှစ်အုပ်စုတို့မှ သင်တန်းသား ကိုယ်စားလှယ်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က သက်တန်းအလိုက် ထူးချွန်သင်တန်းသား ၁၂ဦးအား တစ်ဦးချင်းဂုဏ်ပြုဆုများ ချီးမြှင့်သည်။

(သတင်းစဉ်)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ စည်းဝေး တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မေ ၂၈

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၁၅/၂၀၀၇) အစည်းအဝေးကို မေ ၂၅ရက် ညနေ ၄ နာရီခွဲက နေပြည်တော် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နာယက နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးညိုစော၊ မြန်မာနိုင်ငံ ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်များမှ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းအသီးသီးမှ တာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက မေ ၂၄ရက်မှ စတင်၍ ပျဉ်းမနား မြို့ရှောင်လမ်း ခေတ္တပိတ်ထားပြီး လေးလမ်းသွား ဖောက်လုပ်သွားမည်ဖြစ်၍ မြို့ရှောင်လမ်းအစား လမ်းကြောင်းများ သတ်မှတ် ပေးထားပြီဖြစ်ကြောင်း၊ ယာဉ်မောင်းများ သတ်မှတ်ထားသော လမ်းကြောင်းများမှ မောင်းနှင်ရန်အတွက်လည်း လမ်းညွှန်ဆိုင်းဘုတ်များ၊ လမ်းကြောင်း ထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း၊ နေပြည်တော်ရှိ အခြေစိုက်စက်သုံးဆီမရသည့်ယာဉ်လိုင်းများအနေဖြင့်လည်း နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသို့တင်ပြဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ယခင်အပတ် အစည်းအဝေးမှတ်တမ်းအား ဖတ်ကြားတင်ပြပြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက မြို့ရှောင်လမ်းအား ခေတ္တ ပိတ်ထားချိန်တွင် ရန်ကုန်–မန္တလေးယာဉ်များ သွားလာရမည့်လမ်းကြောင်း အခြေအနေများ၊ တစ်ပတ်အတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်မှု အခြေအနေများနှင့် ယာဉ်တိုက်မှုများ လျော့နည်းလာသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယရဲမှူးကြီး အောင်နိုင်က နေပြည်တော်အတွင်း ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဆွေးနွေး ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း(မူလကျောင်း ဟောင်း) အနောက်ဘက် တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ် ရန်အတွက် နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ် ၁၅၃ လမ်း အမှတ်(၈/၁၀)နေ ဒေါက်တာဦးကိုကြီး–ဒေါ်စန်းစန်းသွင် သား ဒေါက်တာပြည်သိန်းကျော်–ဒေါ်စပယ်ဝေဝေလှိုင်၊ သမီး ဒေါက်တာ အေးအေးသီ၊ မြေး မောင်ရဲမြတ်အောင်နှင့် မောင်ပိုင်ဟိန်းကျော် မိသားစုက အလှူငွေကျပ် တစ်သိန်းနှစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော်(ဝေါ်) နယ်လှည့်သာသနာပြု အရှင်အာစိဏ္ဏထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ထေရဝါဒ ဓမ္မဝိသောဒနီသိမ်တော်ကြီး ဆောက်လုပ်ရန်ငွေလှူဒါန်း ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၊ အလှူငွေများလက်ခံ

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂)ရပ်ကွက် သခင်အုန်းဖေကြီးလမ်းရှိ ထေရဝါဒ ဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်အတွင်း ထေရဝါဒဓမ္မဝိသောဒနီ သိမ်တော်ကြီးဆောက်လုပ်ရန်အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူတော်ငွေများ လက်ခံသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးယောဆရာတော် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံမှ ပရိသတ်များကပရိတ်တရားတော်များနာယူကြပြီး ထေရဝါဒ ဓမ္မရောင်ခြည်ပရိယတ္တိ စာသင်တိုက် ဝေယျာဝစ္စအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်က ထေရဝါဒ ဓမ္မရောင်ခြည် ပရိယတ္တိ စာသင်တိုက် သမိုင်းအကျဉ်းနှင့် စာသင်တိုက်အတွင်း တည်ဆောက်မည့် ထေရဝါဒ ဓမ္မဝိသောဒနီသိမ်တော်ကြီးနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

လှူဖွယ်ဝတ္ထုဆက်ကပ်

ယင်းနောက် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အဖွဲ့ဝင်များ၊ ဝေယျာဝစ္စအဖွဲ့နာယကများနှင့် အမှုဆောင်များက ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ထေရဝါဒ ဓမ္မဝိသောဒနီသိမ်တော်ကြီးဆောက်လုပ်ရန်အတွက် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ **(ဓါတ်ပုံ)** ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တာဝန်ရှိသူများ၊ ဝေယျာဝစ္စအဖွဲ့ နာယကများနှင့် အမှုဆောင်များက လက်ခံကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ယောဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသက ဩဝါဒကထာချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက်မှ ၃၁ ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး ကျောင်းအပ်နှံရေးနှင့် ကျောင်းသုံးပစ္စည်း၊ ကျောင်းဝတ်စုံများပေးအပ်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး ကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် ကျောင်းသုံးပစ္စည်းများ၊ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၆ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာနက ပေးအပ်လှူဒါန်းသော ကျောင်းသုံး လွယ်အိတ်နှင့် စာအုပ်များ၊ ရပ်ကွက်အသီးသီးရှိ စီးပွားရေးလုပ်ငန်းရှင်များက လှူဒါန်းသော ငွေကျပ် ကိုးသိန်း၊ တောင်ဥက္ကလာပမြို့နယ် စက်မှုဇုန်လုပ်ငန်းရှင်များက လှူဒါန်းငွေကျပ် ခုနစ်သိန်းနှင့် မြန်မာမွတ်စလင်များအဖွဲ့က လှူဒါန်းငွေကျပ် နှစ်သိန်းတို့ကို လက်ခံသည်။

ထို့နောက် ကျောင်းနေအရွယ်ကလေးများအား ကျောင်းသုံးပစ္စည်းနှင့် ကျောင်းဝတ်စုံများကို မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။ **(ဓါတ်ပုံ)**

ရည်ရွယ်ချက်ရှင်း

ယင်းနောက် တောင်ဥက္ကလာပမြို့နယ် ပညာရေးမှူး ဒေါ်ရီရီစိန်က အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီးကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့်အဖွဲ့သည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသားမိဘများနှင့် ကလေးများ ကျောင်းအပ်နှံနေမှုတို့ကို လှည့်လည် ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိမ်တော်ရာစေတီ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းမှု စုပေါင်းရေစက်ချ အလှူတော်မင်္ဂလာ ကျင်းပမည်

ရန်ကုန် မေ ၂၈

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အိမ်တော်ရာ စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူးဆောင်ရွက်ခဲ့သည့် စေတီတော်ရွှေမျက်ပါးသင်္ကန်း ဆက်ကပ်လှူဒါန်းမှု စုပေါင်းရေစက်ချ အလှူတော်မင်္ဂလာကို ရင်ပြင်တော် သာသနာ့ရံသီ သိမ်တော်ကြီး၌ နယုန်လပြည့်နေ့ (မေ ၃၀ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ တက်ရောက် ရေစက်ချ လှူဒါန်းနိုင်ရန် ဖိတ်ကြားထားကြောင်းနှင့် ဂေါပကအဖွဲ့ရုံး ဖုန်း–၃၈၃၇၉၄သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်သာသနာ့ဗိမာန်တည်ဆောက်ရေး တတိယအကြိမ်အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၏ ကျက်သရေဆောင် **“မဟာအတုလသဒ္ဓမ္မရံသီ”** သာသနာ့ဗိမာန်ကြီးတည်ဆောက်ရေး တတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို ဇွန် ၁၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သာသနာ့ဗိမာန်ကြီး၌ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှစေတနာရှင်၊ အလှူရှင်များ အနေဖြင့် ရုံးအဖွဲ့(၁) ကျိုက်ခေါက်ဘုရားလမ်း၊ ရုံးအဖွဲ့(၂) နီလာမင်းရွှေဆိုင် (မြို့မဈေး–သန်လျင်) ဖုန်း–၀၅၆–၂၁၀၀၄၊ ၀၅၆–၂၁၂၀၁၊ ၀၉–၅၀–၁၅၀၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ချင်းပြည်နယ်၌ နွားနောက်မွေးမြူရေးစခန်း ခုနစ်ခုဖြင့် တိုးချဲ့မွေးမြူလျက်ရှိ၊ တိုးတက်မှုငါးရာခိုင်နှုန်းကျော်ရှိ

● **ရှေ့ဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ဒေသ၏ မြေအနေအထားနှင့် တောတောင်သဘာဝရာသီဥတု အခြေအနေများအရ လက်ဖက်ပင် စိုက်ပျိုးရန် အသင့်တော်ဆုံးဖြစ်ကြောင်း၊ လက်ဖက်ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခြင်းဖြင့် ဒေသ၏ စီးပွားရေးကဏ္ဍ တိုးတက်မြင့်မားလာမည်ဖြစ်၍ လက်ဖက်ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ ပြည်သူများက တောင်ကုန်းတောင်စောင်း မြေလွတ်မြေလပ်များနှင့် မိမိတို့ရုံးဌာန နေအိမ်ပတ်ဝန်းကျင်များပါမကျန် အရှိန်အဟုန်ဖြင့် တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများသည် လက်ဖက်ပျိုးပင်များကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်းစိုက်ပျိုးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခွာရုံမြို့ ဟောင်းရပ်ကွက် ခွာရုံကျောင်းသို့ သွားရောက်၍ ပြည်နယ်သံဃ နာယကအဖွဲ့ အကျိုးတော်ဆောင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသားများအတွက် အဝတ်အထည်များကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ကျောင်းသားများက ကြိုဆိုကြသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သင်တန်းကျောင်းသားအိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သင်တန်းကျောင်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျောင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးပြည့်စုံမှုရှိအောင် စေတနာထားကာဆောင်ရွက်ကြရန်နှင့် ကျောင်းသားများအားလည်း ပညာကို ကြိုးစားသင်ယူကြရန် မှာကြားသည်။ အဆိုပါသင်တန်းကျောင်းတွင် စတုတ္ထတန်းမှ ဒသမတန်းအထိ သင်တန်းသားချင်းတိုင်းရင်းသားလူငယ် ၅၄ဦးတို့ တက်ရောက် ပညာသင်ကြားလျက်ရှိပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၏ နှစ်ဧကစိုက်ခင်းတွင် လက်ဖက်အပင် ၇၃၀၀၊ ထောပတ် ၁၅ပင်၊ သစ်အယ်အပင် ၄၀၊ ဆပ်ချိုမှာ ၁၅ပင်နှင့် သစ်တော် ၃၅ပင် စိုက်ပျိုးထားကြောင်း သိရှိရသည်။

တိုးချဲ့စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဌာနပေါင်းစုံ လက်ဖက် စိုက်ခင်းသို့ သွားရောက်၍ ကျန်းမာရေးဦးစီးဌာန၏ မြေငါးဧက ၁၈၁၅၀ပင် လက်ဖက်စိုက်ခင်းသို့လည်းကောင်း၊ စာရင်းစစ်ရုံး၏ မြေငါးဧက ၁၈၁၅၀ပင် လက်ဖက်စိုက်ခင်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား အခြားသီးနှံများအစား လက်ဖက်ကို အဓိကတိုးချဲ့စိုက်ပျိုးရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ အင်ကျလိုကွင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသိန်းဇော်က အင်ကျလိုကွင်း လက်ဖက်စိုက်ပျိုးမှု၊ ဟားခါးမြို့နယ် အုပ်စုအလိုက် လက်ဖက်စိုက်ပျိုးမှု အခြေအနေနှင့် ချင်းပြည်နယ် ၂၀၀၆-၂၀၀၇ခုနှစ်အထိ ခရိုင်/မြို့နယ်အလိုက် လက်ဖက်စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဧက၁၀ အပင် ၃၆၃၃၀လက်ဖက်စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လက်ဖက်တိုးချဲ့စိုက်ပျိုးရေးမှာကြားသည်။

လိုက်လံရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ် ဟားခါးမြို့ ခုတင်၁၀၀ဆံ့ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးအောင်စည်သူနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း TV ဓာတ်မှန်ခန်း၊ စရိတ်မျှပေး ကျန်းမာရေးဆေးဆိုင်၊ ဓာတ်မှန်ရိုက်ခန်း၊ သွားနှင့်ခံတွင်းကုသဌာနတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးအောင်စည်သူက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ပြည်နယ်အင်ဂျင်နီယာမှူးကြီးဦးငွန်ဆန်းအောင်က ခုတင် ၂၀၀ဆံ့ဆေးရုံ ပင်မအဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဦးအောင်စည်သူက ဆေးရုံနှင့် စပ်လျဉ်းသည်များကို လည်းကောင်း၊ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပြည်နယ်ပြည်သူ့ဆေးရုံကုသဆောင်သို့ ရောက်ရှိကြပြီး ခွဲစိတ်ခန်းသို့လည်းကောင်း၊ အထူးကြပ်မတ် ကုသခန်းသို့လည်းကောင်း၊ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာဦးအောင်စည်သူက လိုက်လံရှင်းလင်းပြသသည်။

သတ်မှတ်ချိန်မီပြီးစီးရေးမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံ နှစ်ထပ်အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်မီပြီးစီးရေး မှာကြားသည်။

အဆိုပါ ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံ နှစ်ထပ်အဆောက်အအုံတွင် ပြည်သူ့ဆေးရုံ ပင်မလူနာဆောင် အဆောက်အအုံမှာ သံကူကွန်ကရစ်အဆောက်အအုံ အမျိုးအစားဖြစ်ပြီး အလျား ပေ၂၀၀၊ အနံပေ ၆၀၊ အမြင့် ၃၄ပေရှိ ပင်မလူနာဆောင်နှင့် အလျားပေ ၁၀၀၊ အနံ ၅၆ပေ၊ အမြင့် ၃၄ပေရှိ ခွဲစိတ်ဆောင်တို့ပါဝင်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး-ထန်တလန်လမ်း သီးမစ်ကျေးရွာအနီး မိုင်တိုင်(၇/၀)သို့ရောက်ရှိပြီး ရှုရပ်မှ လယ်မြေများတွင် နွေစပါးစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် တောင်ကုန်းတောင်စောင်းများတွင် လှေကားထစ်လယ်ယာ ဖော်ထုတ်နိုင်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဟားခါးမြို့ သီးမစ်ကျေးရွာ၌ ကျင်းပသည့် ရွှေရင်အေးစပါးပျိုးပွဲသို့ တက်ရောက်အားပေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပျိုးခင်းအတွင်း ရွှေရင်အေးမျိုးစပါးများ ကြဲပက်ပေးသည်။ ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် အဖွဲ့ဝင်များက ပျိုးခင်းအတွင်း ရွှေရင်အေးမျိုးစပါးများ ကြဲပက်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တောင်သူများအားတွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအား ကုန်းမြင့်လယ်ယာ ဖော်ထုတ်ရနိုင်မည့် နေရာအားလုံးဖော်ထုတ် စိုက်ပျိုးရေးမှာကြားသည်။ အဆိုပါ သီးမစ်ကျေးရွာ စိုက်ကွင်း၌ နွေစပါး ဧက ၅၀ စိုက်ပျိုးထားကြောင်းသိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ ဦးဝွေဒြေးပိုင် မိုးဟိန်းမိသားစု လက်ဖက်စို၊ လက်ဖက်ခြောက်လုပ်ငန်းသို့ ရောက်ရှိကြပြီး လက်ဖက်စို၊ လက်ဖက်ခြောက် ပြုလုပ်ပုံလုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဟားခါး-မတူပီလမ်း မိုင်တိုင်(၄/၆)ရှိ ဦးရမ်ကျုံးပိုင် ၁၅မိုင် နွားနောက်မွေးမြူရေးစခန်းသို့ရောက်ရှိရာ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်က ဟားခါးမြို့နယ်တွင် နွားနောက်မွေးမြူထားရှိနိုင်မှုအခြေအနေ၊ ချင်းပြည်နယ်၏ နွားနောက်တိုးပွားမှုနှင့် ဈေးကွက်ပို့ချမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နွားနောက်ခြံသို့ သွားရောက်ကြည့်ရှု၍ မျိုးကောင်းမျိုးသန့်များမွေးမြူရေးမှာကြားသည်။ ချင်းပြည်နယ် နွားနောက်မွေးမြူမှုမှာ ၂၀၀၆ခုနှစ် ဧပြီလကုန်တွင် ၄၅၄၂၉ ကောင်ဖြစ်ပြီး ၂၀၀၇ခုနှစ် ဧပြီလကုန်အထိ ၄၈၁၉၉ ကောင်ရှိပြီး တိုးပွားကောင်ရေမှာ ၂၆၇၀ကောင်ဖြစ်ကာ တိုးတက်မှုရာခိုင်နှုန်းမှာ ၅ ဒသမ ၈၈ ရာခိုင်နှုန်းဖြစ်သည်။ နွားနောက်မွေးမြူရေးစခန်း ခုနစ်ခုဖြင့် တိုးချဲ့မွေးမြူလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၂/၇)မိုင်အနီးရှိ မိုးဟိန်းမိသားစု လက်ဖက်ခြံသို့ သွားရောက်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ၎င်းစိုက်ကွင်းတွင် လက်ဖက် ခုနစ်ဧက အပင် ၂၅၀၀၀ စိုက်ပျိုးထားကြောင်း သိရှိရသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ ပြည်ဆောင်သာရပ်ကွက်ရှိ ဦးစိုင်းစ်ရပ် ရွှေမြို့တော်လက်ဖက်စို၊ လက်ဖက်ခြောက် လုပ်ငန်းသို့ရောက်ရှိကြပြီး လက်ဖက်ပြုလုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ မြို့မ စာသင်တိုက်သို့သွားရောက်ပြီး ဆရာတော် ဂန္ထဝါစကပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ ပရိယတ္တိသာသနဟိတဓရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် ဘဒ္ဒန္တတေဇောသာရထံ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဝင်းအတွင်းရှိ လက်ဖက်ခြံသို့ ရောက်ရှိကြပြီး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်မန်နေဂျာ ဦးဝင်းဆွေက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါခြံတွင် လက်ဖက်သုံးဧက အပင် ၁၀၈၉၀ စိုက်ပျိုးထားကြောင်း သိရှိရသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြပြီး ဟားခါးမြို့၌ ညအိပ်ရပ်နားသည်။ ချင်းပြည်နယ်တွင် ခရိုင်နှင့်မြို့နယ်အလိုက် လက်ဖက်စိုက်ပျိုးပြီးစီးမှု အခြေအနေမှာ ၁၄၉၅၂ ဧကဖြစ်ပြီး ၂၀၀၇- ၂၀၀၈ ခုနှစ်အတွင်း ခရိုင်၊ မြို့နယ်အလိုက် လက်ဖက်စိုက်ပျိုးရန် လျာထားချက်မှာ ဧက ၅၀၀၀ ဖြစ်ကာ လက်ဖက်ဆွတ်ခူးနိုင်မှုနှင့်ထွက်ရှိမှုအခြေအနေမှာ လက်ဖက်စို ၁၆၅၄၇၆ ပိဿာဖြစ်သည်။ ၂၀၀၆-၂၀၀၇ခုနှစ်ပျိုးထောင်ရန် လက်ဖက်မျိုးစေ့စုဆောင်းရရှိမှုနှင့် ပျိုးထောင်ထားမှုမှာ ၄၇၆၅တင်းဖြစ်ပြီး ၂၀၀၇-၂၀၀၈ခုနှစ် စိုက်ပျိုးရန်ပျိုးထောင်ထားရှိမှုအခြေအနေမှာ ၈၆၄၈၉၀၅ပင်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ထိုင်းတောင်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား၊ နှစ်ဦးဒဏ်ရာရရှိ

ဗန်ကောက် မေ ၂၈

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်၌ မေ ၂၇ရက် နံနက်ပိုင်းက အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သဖြင့် ကျေးရွာလူကြီးတစ်ဦးနှင့် ၎င်း၏ သားဖြစ်သူတစ်ဦးတို့ ဒဏ်ရာများရရှိသွားကြောင်း ဒေသဆိုင်ရာ မီဒီယာက သတင်းထုတ်ပြန်သည်။

မျက်မြင်တွေ့ရှိ

အသက် ၄၀ အရွယ်ရှိ အဗ္ဗဒူလ် ရိုမန်ဆာလာနှင့် ၎င်း၏သား ဆာမာ တို့သည် မူအန်ဒေသ၌ ကျောင်းကားဖြင့် စီးနင်းလိုက်ပါလာစဉ် သေနတ်သမားများက မော်တော်ဆိုင်ကယ်ဖြင့်လိုက်လာပြီး အေကေ-၄၇မောင်းပြန်ရိုင်ဖယ်သေနတ်များဖြင့် ပစ်ခတ်သွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မြန်မာ့အလင်း

အင်တာနက်

ဟောင်ပိတ်

သတင်း

တူရကီအရှေ့ပိုင်း၌ ရေကြီး ၁၀ဦးသေဆုံး၊ အချို့ပျောက်ဆုံးနေ

အစ္စတန်ဘူလ် မေ ၂၈

တူရကီနိုင်ငံ အရှေ့ပိုင်း၌ မေ၂၇ရက်က ရေကြီးမှုဖြစ်ပွားရာ ၁၀ ဦးသေဆုံးပြီး အချို့ပျောက်ဆုံးနေကြောင်း အနာတိုလီယာ သတင်းဌာနက မေ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။

မျောပါသွား

အဆိုပါရေကြီးမှုမှာ အဂရီပြည်နယ်ရှိ ရွာလေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ၁၀ဦး ရေစီးတွင် မျောပါသွားခဲ့ကြောင်း ဆက်လက်ဖော်ပြသည်။

ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲတိုက်ခိုက်၊ အနည်းဆုံး ၂၀သေဆုံးပြီး ၄၆ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် မေ ၂၈

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ မေ ၂၈ရက်က ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး၂၀သေဆုံးပြီး ၄၆ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားခဲ့

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုသည် ဒေသစံတော်ချိန် မွန်းလွဲ၂နာရီက တိုက်ဂရစ်မြစ်အရှေ့ဘက်ကမ်းရှိ စီးပွားရေးအရ အချက်အချာကျရာ စင်နက်အရပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

တိုက်ခိုက်မှုဖြစ်ပွား

ယင်းတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရရှိပြီး အနီးအနားရှိ မော်တော်ကားအချို့လည်း ပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းတိုက်ခိုက်မှုဖြစ်ပွားရာ ဒေသသည် ဆွန်နီတို့ အများစုနေထိုင်ကြောင်း သိရသည်။

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၈

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ (၃၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၂၇ရက်က ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ့သစ်လုပ်ငန်းခမ္မာရုံ၌ကျင်းပရာ အသင်း၏နာယက သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကား

ထို့နောက် သက်ကြီးပုဂ္ဂိုလ်များအား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြပြီး ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များကိုယ်စား ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဦးသောင်းတင်က ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် ဝန်ကြီးက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသူများ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ရသူများနှင့် သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရ ဦးကိုကိုအေးတို့အား ဆုများကိုပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးနှင့် အလှူရှင်များက အသင်းရန်ပုံငွေအတွက် အလှူငွေကျပ် ၄၇ သိန်းကို ပေးအပ်လှူဒါန်း၍ အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်က နှုတ်ခွန်းဆက် ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓဂယာကျောင်းတော်ပဋ္ဌာန်းပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်တွင် (ဒုတိယအကြိမ်မြောက်) အသံမစဲမဟာပဋ္ဌာန်း ပူဇော်ပွဲကြီးကို အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အိန္ဒိယနိုင်ငံပရဒေသီသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ ဩဝါဒမေတ္တာတော်နှင့်အညီ မဇ္ဈိမရဟန်းတော်များနှင့် ပြည်တွင်းပြည်ပ ပင့်သံဃာအပါး ၃၀ တို့က သုံးရက်တိုင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၂၇ ရက် ညနေ ၅ နာရီက အဆိုပါကျောင်းတော်ကြီး၌ ကျင်းပသည်။ (အပေါ်ပုံ)

သီဆိုပူဇော်

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဆရာတော် ဒေါက်တာသောပါကမှ ရောင်ခြည်တော်ဖွင့် ဂါထာတော်ဖြင့် ဘုရားပင့်ကာ (မြို့နယ် သံဃနာယက ဥက္ကဋ္ဌ) နေနတ်သားဆရာတော် ဘဒ္ဒန္တဇနကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ နေနတ်သားဆရာတော်က ပဋ္ဌာန်းအကြောင်း သိကောင်းစရာ ဩဝါဒဂါထာ ချီးမြှင့်ကာ ပဋ္ဌာန်းတရား နာကြားရန် နတ်ဖြဟ္မာများကို သီဟသုဓမ္မမဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ ရွှေမြင်တင်ဦးညိုက ဖိတ်ကြားပြီး ရတုတေးထပ်ကို စောင်းဦးအောင်သန်းဇော်နှင့် အဖွဲ့က သီဆိုပူဇော်ကြသည်။

ရွတ်ဆို

ထို့နောက် ဆရာတော် ဒေါက်တာသုန္ဒရက ပဋ္ဌာန်းဖွင့်ပွဲအမွှမ်းဂါထာဖတ်ကြားပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အကြံပေး ပုဂ္ဂိုလ် ဦးအုံးမောင်က သာသနာရေးရာများ လျှောက်ထားကာ ကြွရောက်လာကြသော သံဃာတော်များနှင့် ပရိသတ်များက ပဋ္ဌာန်း၂၄ပစ္စည်း သံပြိုင်ရွတ်ဆိုကြကြောင်း သိရသည်။ **(က-ပ)**

တောင်ဥက္ကလာပ မြို့နယ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၆ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသီရိရတနာခန်းမတွင် ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက် ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့က အ ထ က (၁) တောင်ဥက္ကလာပတွင် ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံနေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (က-ပ)

မြိုင်ဆရာတော် အထူးတရားပွဲ

ရန်ကုန် မေ ၂၈

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ နယ်လှည့် ဓမ္မကထိက) အရှင်သူမြတ်သည် မေ ၃၀ရက်တွင် မန္တလေးတိုင်း မြင်းခြံမြို့ နန်းမြင့်ရွာ ဓမ္မသဘင်၌ ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်တက်ရောက်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌပြည်ပထွက်ခွာ

ရန်ကုန် မေ ၂၈

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် မေ ၃၀ရက်မှ ၃၁ရက်အထိ ကျင်းပမည့် (၅၇)ကြိမ်မြောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)ကွန်ဂရက်ကို တက်ရောက်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ည ၈နာရီက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**

ဖီဖာကွန်ဂရက်သို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အတူ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့်ဘဏ္ဍာရေးမှူးဦးသန်းဇော်တို့ တက်ရောက်ကြမည်ဖြစ်သည်။ ဥက္ကဋ္ဌ ဦးဇော်ဇော်တို့ သုံးဦးသည် ၂၀၀၆ခုနှစ် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် ဖီဖာကွန်ဂရက်သို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ နှစ်စဉ် တက်ရောက်ခဲ့သည်ဟု သိရသည်။

မေ ၃၀ရက်တွင် (၅၇)ကြိမ်မြောက် ဖီဖာကွန်ဂရက်ဖွင့်ပွဲကို ကျင်းပမည်ဖြစ်ပြီး ၃၁ရက်တွင် ဖီဖာကွန်ဂရက်ကို ကျင်းပ ပြုလုပ်မည်ဖြစ်သည်။ ယင်းကွန်ဂရက်တွင် ဖီဖာဥက္ကဋ္ဌကို ပြန်လည်ရွေးချယ်တင်မြှောက်မည့်အပြင် ဖီဖာအဖွဲ့ဝင်နိုင်ငံများ၏ဘောလုံးအားကစားတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ဘောလုံးအဖွဲ့ချုပ်များ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ငွေကြေးသုံးစွဲမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြကြမည်ဖြစ်သည်။ ထို့အပြင် ဖီဖာ၏ ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံတကာပြိုင်ပွဲများကျင်းပရေးနှင့် ငွေကြေးသုံးစွဲမှုများကို တင်ပြအတည်ပြုမည်ဟု သိရသည်။ လက်ရှိ ဖီဖာ ဥက္ကဋ္ဌဖြစ်သူ ဆပ်ဘလတ္တာမှာ ဥက္ကဋ္ဌရာထူးအတွက် ယှဉ်ပြိုင်မည့်သူမရှိ၍ ဥက္ကဋ္ဌရာထူးကို ဆက်လက် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သည်။ **(က-ပ)**

The Map of Mandalay(05-2007) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၈

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် Design Printing Services (D.P.S) မှ စီစဉ်သော The Map of Mandalay (05-2007) မန္တလေးလမ်းညွှန်မြေပုံ အိတ်ဆောင်အရွယ်ကို စတင်ဖြန့်ချိတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလာရေးလုပ်ငန်းများ လွယ်ကူအဆင်ပြေချောမွေ့စေရန် ရည်ရွယ်လျက် မန္တလေးလမ်းညွှန်မြေပုံကို(ပဉ္စမအကြိမ် စောင်ရေသုံးသောင်း)အဆင့်မြင့် ကြွေစက္ကူချောများဖြင့် ရောင်စုံပုံနှိပ်ထားပြီးဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ကမ္ဘာလှည့်ခရီးသွားများနှင့် ဆက်စပ်လုပ်ငန်းများသို့ အခမဲ့ဖြန့်ဝေပေးမည် ဖြစ်သည်။



မြေပုံ ပေါ် တွင် မြန်မာပြည် မြေပုံ၊ မန္တလေးနှင့်အနီးတစ်ဝိုက် စစ်ကိုင်း၊ အမရပူရ၊ မင်းကွန်းစသည်တို့ရှိ လှေ့လာလည်ပတ်စရာ စိတ်ဝင်စားဖွယ် နေရာများအကြောင်း ဖော်ပြချက်၊ အရေးကြီးဖုန်းနံပါတ်များ၊ မန္တလေးမြို့လယ်ပိုင်း အသေးစိတ်မြေပုံ၊ မန္တလေးတစ်မြို့လုံး (မြို့သစ်၊ စက်မှုဇုန်များအပါအဝင်)မြေပုံ၊ မန္တလေးမှ အမရပူရ၊ ဦးပိန်တံတားသို့သွားမည့်လမ်းပိုင်းနှင့် စစ်ကိုင်းမြို့မြေပုံ၊ ပြင်ဦးလွင် မြေပုံ၊ မန္တလေးမြို့မှ ဟိုတယ်၊ စားသောက်ဆိုင်၊ မြန်မာ့လက်မှုအနုပညာပစ္စည်း အရောင်းဆိုင်များစာရင်းတို့ ဖော်ပြထားသည်။ မြေပုံပေါ်ရှိဖော်ပြချက်များကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့်ဖော်ပြထားသည်။ နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားများအတွက်သာမက မြန်မာနိုင်ငံသားများလေ့လာနိုင်ရန်အတွက်ပါ ရည်ရွယ်လျက်ဖော်ပြထားခြင်းဖြစ်သည်။

DPSမှထုတ်ဝေပြီးဖြစ်သော မြေပုံအားလုံးကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့လည်း ဖြန့်ဖြူးလျက်ရှိရာ ကမ္ဘာတစ်ဝန်းလုံးရှိ ခရီးသွားလုပ်ငန်းများနှင့် Myanmar Embassies များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများသို့ Courier Services များ၏ အကူအညီဖြင့် ပေးပို့ဖြန့်ချိလျက်ရှိသည်။

ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဝင်ရောက်လာသော ခရီးသည်များအားလုံးကို နေ့စဉ်ဝေငှပေးလျက်ရှိသည်။ မန္တလေးမြို့မှ ဟိုတယ်များသို့လည်း ဖြန့်ဝေနေပြီဖြစ်ပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့လည်း အပတ်စဉ် ပေးပို့ဖြန့်ချိပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။

မြန်မာတစ်နိုင်ငံလုံးမှ Hotels, Travel & Tour Operators, Embassies in Myanmar, Airlines, Restaurants, Souvenir-Shop စသည့် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍လည်းကောင်း၊ Phone, Fax တို့ဖြင့်လည်းကောင်း Design Printing Services Co.,Ltd. (D.P.S) အမှတ် ၁၆၅/၁၆၇၊ ၃၅လမ်း ပထမထပ် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၄၀၂၀၊ ၂၀၄၂၀၀၊ ဖက်စ်-၀၁-၂၄၅၂၃၀၊e-mail-dps@myanmar.com.mmတွင် ဇွန် ၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း အခမဲ့ မှာကြားထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ် အနုပညာသတင်း

တောင်ကိုရီးယား သရုပ်ဆောင်မင်းသမီး ကိန်းစ်ရုပ်ရှင်ပွဲတော်၌ အကောင်းဆုံးဆုဆွတ်ခူး

ဆိုးလ် မေ ၂၈

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်မင်းသမီး ဂျီယွန်ဒိုရီယွန်သည် ပြင်သစ်နိုင်ငံ၌ကျင်းပသော ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံး သရုပ်ဆောင်မင်းသမီးဆု ဆွတ်ခူးရရှိသွားသည်။ (အောက်ယာပုံ)

သူမသည် Secret Sunshine ဇာတ်ကား၌ အမေလိုတစ်ဖုံ၊ ဇနီးလိုတစ်သွယ် ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် အကောင်းဆုံးဇာတ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော်၌ အကောင်းဆုံးဇာတ်ဆောင်ဆုကို ဆွတ်ခူးအပြီး သူမကပြောကြားရာတွင် မိမိအနေဖြင့် ယခုအကောင်းဆုံးသရုပ်ဆောင်ဆုဆွတ်ခူးရရှိသော ဇာတ်ကားကို ကိန်းစ်ရုပ်ရှင်ပွဲတော်က လာရောက်ပါဝင်ယှဉ်ပြိုင်ပြသရန် ကြိုဆိုခဲ့ခြင်းကို မည်သည့်အခါမျှ မေ့နိုင်လိမ့်မည်မဟုတ်ကြောင်း၊ တောင်ကိုရီးယား ယဉ်ကျေးမှုဝန်ကြီးဟောင်း ရုပ်ရှင်ဒါရိုက်တာ လီချန်ဒေါင်နှင့် ပူးတွဲရုပ်ရှင်သရုပ်ဆောင်မင်းသား ဆောင်ကန်ဟိုတို့အားလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ပထမဆုံးဆွတ်ခူး

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် တောင်ကိုရီးယားနိုင်ငံအတွက် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ပထမဆုံးဆုဆွတ်ခူးနိုင်ခြင်းဖြစ်ကြောင်းသိရသည်။ ယင်း Secret Sunshine ဇာတ်ကားသည် ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် လာရောက်ယှဉ်ပြိုင်သော ရုပ်ရှင်ကား ၂၂ ကားအနက် တစ်ကားဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပွဲတော်တွင် ရိုမေးနီးယားရုပ်ရှင်ဒါရိုက်တာ ခရစ္စတီယန် မန်ဂူးသည် အကောင်းဆုံးဇာတ်ကားဆုကို ဆွတ်ခူးသွားသည်။ ၎င်း၏ဇာတ်ကား အမည်မှာ Four Months, Three Weeks and Two Days ဖြစ်သည်။

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(Myanmar Computer Professionals Association)မှ ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ ပိုမိုထိရောက် ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန်အတွက် အသင်း၏အလုပ်အမှုဆောင်အဖွဲ့ကို တိုးချဲ့ဖွဲ့စည်းမည်ဖြစ်သည်။

အလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လိုသူများသည် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)၏ Ordinary Memberဖြစ်ရမည်။ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီး ITလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိရမည်။ အလုပ်အမှုဆောင်အဖွဲ့တွင် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။ အလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် လျှောက်ထားလိုသူများသည် မေ ၃၁ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄)အခန်း(၄) မြန်မာအင်ဖိုတက် လှိုင်မြို့နယ် ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တရုတ်၌ ဆောဖ်ဝဲထုတ်လုပ်မှု ဝင်ငွေမြင့်တက်

ပေကျင်း မေ ၂၈

တရုတ်နိုင်ငံ၌ ယခုနှစ် ပထမလေးလအတွင်းဆော့ဖ်ဝဲထုတ်လုပ်မှု ကဏ္ဍကို တိုးမြှင့်ထုတ်လုပ်လျက်ရှိကြောင်း၊ ယင်းကဏ္ဍမှ ဝင်ငွေသည် ယခင်နှစ်ကထက် ၂၈ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက မေ ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ဆော့ဖ်ဝဲလ်ထုတ်လုပ်မှုမှ ဝင်ငွေရရှိမှုမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆ ဘီလီယံ ရရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟွန်ဒါကားများ အင်ဒိုနီးရှား၌ ရောင်းအားတက်

ဂျကာတာ မေ ၂၈

အင်ဒိုနီးရှားနိုင်ငံ၌ ရုံးခွဲဖွင့်လှစ်ထားသော ဂျပန်နိုင်ငံမှ ဟွန်ဒါ မော်တော်ကားရောင်းချမှုသည် ယခုနှစ် ပထမလေးလအတွင်း မော်တော်ကားစီးရေ ၁၂၅၀၀ ရောင်းချခဲ့ရာ ယခင်နှစ် အလားတူကာလကထက် ၁၃ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်။

မတ်လအတွင်း ကားစီးရေ ၃၀၈၄ စီး ရောင်းချရာမှ ဧပြီလတွင် ကားစီးရေ ၃၇၅၄စီး ရောင်းချခဲ့ရာ ၂၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ယူကရိန်းတွင် မိုးခေါင်
သီးနှံစိုက်ခင်း ဟက်တာ လေးသိန်းပျက်စီး

ကီယက်ဗ် မေ ၂၈

ယူကရိန်းနိုင်ငံတစ်ဝန်းတွင် မိုးခေါင်မှုများဖြစ်ပွားခဲ့သဖြင့် သီးနှံစိုက်ခင်း ဟက်တာ၄၀၀၀၀၀ခန့်ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း၊၂၀၀၇ခုနှစ် သီးနှံရိတ်သိမ်းချိန်တွင် အထွက်နှုန်းများစွာ ကျဆင်းသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတစ်ဝန်းစိုက်ပျိုးမြေ၏ ၆၀ရာခိုင်နှုန်းခန့် မိုးခေါင်မှုဒဏ်ခံစားခဲ့ရကြောင်း၊ နောက်ငါးရက်၊ခြောက်ရက်ကြာသည့်တိုင်အောင် မိုးခေါင်မှုမှာ ဆက်လက်ဖြစ်ပွားနေဦးမှာဖြစ်ကြောင်း ယူကရိန်း မိုးလေဝသဌာန အကြီးအကဲ မိုင်ကိုလာကူလ်ဘိုင်ဒါက ပြောကြားသည်။

မိုးခေါင်မှုကြောင့် ယူကရိန်းနိုင်ငံ၏ အပူချိန်မှာ ၂၈ ဒီဂရီဆဲလ်စီးရပ်စ်မှ ၃၆ ဒီဂရီဆဲလ်စီးရပ်စ်အကြားတွင် ရှိနေကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်တွင် ဗုံးပေါက်ကွဲ
ကနေဒါတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

အော့တဝါ မေ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့တွင် မေ ၂၅ရက်က အာဖဂန်တပ်ဖွဲ့များနှင့် ပူးပေါင်းကင်းလှည့်စဉ် လက်လုပ်ဗုံးပေါက်ကွဲမှုကြောင့် ကနေဒါစစ်သားတစ်ဦး သေဆုံးခဲ့ကြောင်း ကနေဒါ ဗိုလ်မှူးကြီးမိုက်စ်ဆက်ဖို့ဒ်က ပြောကြားသည်။

အဆိုပါစစ်သားသည် ယင်းနိုင်ငံတောင်ပိုင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကူညီရန်လေ့ကျင့်ပေးနေသော အဖွဲ့ဝင်တစ်ဦးဖြစ်သည်။

မိမိတို့သည် တပ်ဖွဲ့ဝင်ကောင်းတစ်ဦး ဆုံးရှုံးခဲ့ကြောင်း၊ ယင်းဖြစ်ရပ်သည် အာဖဂန်အစိုးရနှင့် ပြည်သူတို့အတွက် ကြိုးပမ်းအားထုတ်မှုကို ဟန့်တားနိုင်မည်မဟုတ်ကြောင်း ဆက်ဖို့ဒ်က ကန်ဒါဟာရှိ သတင်းထောက်များသို့ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ကျန်စီပြည်နယ်၌ ဒေသထွက်ကုန် ငါးခြောက်လှန်းနေသည်ကို မေ ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မောင်းနှင်နိုင်

ကယ်လီဖိုးနီးယားပြည်နယ် အော့ကလန်မြို့၌ တစ်နာရီ မိုင် ၁၃၀ မောင်းနှင်နိုင်သော ဇီဝဒီဇယ်သုံး မော်တော်ဆိုင်ကယ် တစ်စီးကို မေ ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမြဲတမ်းမဟုတ်သော ကုလလုံခြုံရေးအဖွဲ့ဝင်ဖြစ်ရေး ဗီယက်နမ်၏ ကြိုးပမ်းမှု တောင်အာဖရိက ထောက်ခံကြောင်း သမ္မတအမ်ဘီကီပြောကြား

ဟန္နွိုင်း မေ ၂၈

လာမည့် ၂၀၀၈-၂၀၀၉ခုနှစ်တာ ကာလအတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ်ပါဝင်စေရေး ဗီယက်နမ်၏ ကြိုးပမ်းမှုကို တောင်အာဖရိကနိုင်ငံက ထောက်ခံကြောင်း တောင်အာဖရိကနိုင်ငံသမ္မတ သာဘိုအမ်ဘီကီက ဗီယက်နမ်နိုင်ငံသို့ လာရောက်လည်ပတ်စဉ် မေ ၂၄ရက်၌ ပြောကြားလိုက်သည်။

ထို့အတူ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားကြရန်လည်း တောင်အာဖရိက သမ္မတ သာဘိုအမ်ဘီကီနှင့် ဗီယက်နမ်သမ္မတ နုရင်မင်ထရတ်တို့ သဘောတူညီခဲ့ကြသည်။

အဆိုပြု

ဗီယက်နမ်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံအဖြစ်အဆိုပြုထားသည့် တစ်ခုတည်းသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

ထောက်ခံမှု

ထို့အပြင် ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့် ဇန်နဝါရီလ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်လာခဲ့သော အဖွဲ့ဝင်အသစ် နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာရေး တောင်အာဖရိက၏ ထောက်ခံမှုကို ကျေးဇူးတင်ကြောင်း ဗီယက်နမ် သမ္မတက ပြောကြားသည်။

သဘောတူ

နှစ်နိုင်ငံ သမ္မတတို့သည် ကုန်သွယ်ရေး၊ သိပ္ပံ၊ နည်းပညာ၊ ယဉ်ကျေးမှုနှင့် ပညာရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။

အမ်အင်န်အေ၊ရိုက်တာ

ဗီယက်နမ် ကျောက်မီးသွေး တင်ပို့မှု မြင့်တက်

ဟန္နွိုင်း မေ ၂၈

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ငါးလအတွင်းတွင် ပြည်ပသို့ ကျောက်မီးသွေးတင်ပို့မှုမှာ အမေရိကန်ဒေါ်လာသန်း ၄၁၀တန်ဖိုးရှိ ကျောက်မီးသွေး တန်ချိန် ၁၄သန်း တင်ပို့နိုင်ခဲ့ကြောင်း၊နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၁၇ရာခိုင်နှုန်းနှင့် ၂၂ရာခိုင်နှုန်း အသီးသီး မြင့်တက်လာခဲ့ကြောင်း ဗီယက်နမ် ကုန်သွယ်ရေးအေဂျင်စီက မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်၏ ကျောက်မီးသွေး အဓိကတင်ပို့သည့်နိုင်ငံများတွင်တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ဥရောပနိုင်ငံများ ပါဝင်သည်။

ပြီးခဲ့သည့် ၂၀၀၆ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် ပြည်ပသို့ ကျောက်မီးသွေးတန်ချိန် ၂၉ ဒသမ ၈ သန်း တင်ပို့ခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်း အစိုးရဝန်ကြီးနှစ်ဦးအား အစ္စရေးတပ်များက ဖမ်းဆီး

ရာမာလာ မေ ၂၈

အနောက်ဘက်ကမ်းမြို့၌ မေ ၂၆ရက်က ပါလက်စတိုင်းအစိုးရဝန်ကြီးတစ်ဦးအား အစ္စရေးတို့က ထပ်မံဖမ်းဆီးလိုက်ကြောင်း ပါလက်စတိုင်း လုံခြုံရေးသတင်းရပ်ကွက်များက ပြောကြားသည်။

ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီး ဝပ်စပီကက်ဟာအား အနောက်ဘက်ကမ်းမြို့မြောက်ပိုင်း ဂျီနင်ဒေသရှိ ၎င်း၏နေအိမ်၌ အစ္စရေးတပ်များက ဝင်ရောက်စီးနင်း ဖမ်းဆီးခေါ်ဆောင်သွားကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။ အဆိုပါ နိုင်ငံခြားရေးဝန်ကြီး၏ အိမ်ကို အစ္စရေးတပ်များက ဂျစ်ကားများဖြင့် ရောက်လာပြီး မေ ၂၆ရက် နံနက်မိုးမလင်းမီ ဝင်ရောက်စီးနင်းခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီး၏ သမီးဖြစ်သူက သတင်းထောက်များအား ပြောကြားသည်။

ယူဆောင်သွား

ယင်းအစ္စရေးတပ်ဖွဲ့ဝင်များသည် ပါလက်စတိုင်းဝန်ကြီး၏ အခန်းအတွင်းဝင်ရောက်ကာ လက်ပ်တော့ကွန်ပျူတာနှင့် စာရွက်စာတမ်းများ ရှာဖွေလှန်လှော ယူဆောင်သွားကြသည်ဟု ဆိုသည်။

အသက်၄၃နှစ်ရှိ ကက်ဟာသည် အစ္စရေးတပ်များ မကြာမီက ဖမ်းဆီးခဲ့သော ဝန်ကြီးနှစ်ဦးအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ ယခု သီတင်းပတ်အစောပိုင်းက ပါလက်စတိုင်း ပညာရေးဝန်ကြီးလည်း အဖမ်းခံထားရသည်။

ယင်းကို လက်တုံ့ပြန်သည့်အနေဖြင့် ပါလက်စတိုင်းတို့က အစ္စရေးနယ်စပ်မြို့များသို့ ဂါဇာကမ်းမြောင်ဒေသမှ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်။

တစ်ဖန် အစ္စရေးတပ်များက ပါလက်စတိုင်း အစိုးရထိပ်တန်းတာဝန်ရှိသူ ၃၃ဦးအားဖမ်းဆီးထားကြောင်း၊ ယင်းတို့တွင် ပါလက်စတိုင်း နိုင်ငံခြားရေးဝန်ကြီး၊ ပါလက်စတိုင်းပညာရေးဝန်ကြီးနှင့် မြို့တော်ဝန်လေးဦးလည်း ပါဝင်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အရောင်းပြခန်းတစ်ခု၌ ပြသထားသည့် လက်ကိုင်ဖုန်းများကို မေ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စားအုန်းဆီလုပ်ငန်း ပူးတွဲဆောင်ရွက်ရေး မလေးရှားနှင့် အင်ဒိုနီးရှားတို့ သဘောတူညီ

ကွာလာလမ်ပူ မေ ၂၈

အပြစ်ရှာနေသော အနောက်နိုင်ငံများအား တုံ့ပြန်ရာတွင် နှစ်နိုင်ငံတွင်ရှိသော စားအုန်းဆီထုတ်လုပ်မှုလုပ်ငန်းအား ပူးပေါင်းဆောင်ရွက်ရန် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့က သဘောတူညီခဲ့ကြကြောင်း မလေးရှားမီဒီယာများက မေ ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။

စားအုန်းဆီ လုပ်ငန်းများအား အပုတ်ခတ်သည့် အဟန့်အတားပြုရေးတွင် ဥရောပနှင့် အမေရိကန်တို့က ဖိအားပေးလုပ်ဆောင်နေကြကြောင်း မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများက ပြောကြားသည်။

နှစ်နိုင်ငံအကြား စားအုန်းဆီ ရောင်းကုန်များအပေါ် အပြန်အလှန် ပူးပေါင်းရေးဆိုင်ရာ ပူးတွဲကော်မတီ၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးကို တက်ရောက်ခဲ့ပြီးနောက် မိမိတို့အနေဖြင့် အဆိုပါကိစ္စရပ်များကို ပူးတွဲ ဖြေရှင်းသွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့် ရောင်းကုန်လုပ်ငန်းများဆိုင်ရာဝန်ကြီး ပီတာချန်ဖာကူက ကွာလာလမ်ပူမြို့၌ ပြောကြားသည်။

ပြုလုပ်

ထို့အတူ မလေးရှားနိုင်ငံအနေဖြင့် ဘရပ်ဆဲလ်မြို့တွင် လာမည့် ဇွန် ၆ ရက်၌ ၎င်းကိစ္စနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ပြုလုပ်မည်ဖြစ်သလို အင်ဒိုနီးရှားနိုင်ငံကလည်း လာမည့် ဇွန်လအတွင်း လန်ဒန်မြို့၌ ဆွေးနွေးပွဲတစ်ခု ပြုလုပ်သွားမည်ဖြစ်သည်။

စားအုန်းဆီသည် ဇီဝဒီဇယ်လောင်စာအပါအဝင် ရောနှောပေါင်းစပ်အသုံးပြု၍ရသော လောင်စာဆီများတွင်လည်း အသုံးပြု၍ရကြောင်း မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့် ရောင်းကုန်လုပ်ငန်းများဆိုင်ရာ ဝန်ကြီး ပီတာချန်ဖာကူက ပြောကြားသည်။

သဘောတူ

ထို့အပြင် မလေးရှားနှင့် အင်ဒိုနီးရှားတို့သည် ကိုကာသုတေသနနှင့် ဖွံ့ဖြိုးမှုရရှိအောင်လည်း ပူးတွဲဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းတောင်ပိုင်း ဟတ်ယိုင်မြို့၌ ဗုံးပေါက်ကွဲ အနည်းဆုံး ၁၁ဦး ဒဏ်ရာရရှိ

ဗန်ကောက် မေ ၂၈

ထိုင်းနိုင်ငံ တောင်ပိုင်းမှ ကမ္ဘာလှည့်ခရီးသည်များဖြင့် စည်ကားသည့် ဟတ်ယိုင်မြို့အတွင်းတွင် မေ ၂၇ ရက် နှောင်းပိုင်းက ဗုံးခုနစ်လုံး ပေါက်ကွဲမှုကြောင့် အနည်းဆုံး ၁၁ ဦး ဒဏ်ရာရရှိသွားကြောင်း ထိုင်းစစ်ဘက်အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီးဆွန်သီက ပြောဆိုသည်။

ပြောကြား

ဖောက်ခွဲသည့် ဗုံးများမှာသေးငယ်ကြောင်း၊ ပြည်သူများအနေဖြင့် စိုးရိမ်ထိတ်လန့်ခြင်းမရှိကြရန် တိုက်တွန်းလိုကြောင်းဖြင့် ဗိုလ်ချုပ်ကြီး ဆွန်သီက ထိုင်းရုပ်မြင်သံကြားမှ ပြောကြားလိုက်သည်။

ပေါက်ကွဲ

ဗုံးများမှာ မေ ၂၇ ရက် ည ၉နာရီမှစ၍ ဟတ်ယိုင်မြို့ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် ကုန်တိုက်ကြီးများတွင် ပေါက်ကွဲခြင်းဖြစ်သည်။ ဒဏ်ရာရသူများတွင် ရှစ်နှစ်အရွယ်ကလေးတစ်ဦးနှင့် ၁၃ နှစ်အရွယ်မိန်းကလေးတစ်ဦးပါဝင်သည်ဆိုသည်။

(အင်တာနက်)

အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ် အစီအစဉ် ချက်သမ္မတနိုင်ငံမှ ပြည်သူများ ဆန့်ကျင်ကန့်ကွက်

ပရာဟာ မေ ၂၈

အမေရိကန် ဒုံးကျည်ကာကွယ်ရေးစနစ်နှင့် စပ်လျဉ်းပြီး အစီအစဉ်တစ်ရပ်ကို ချက်သမ္မတနိုင်ငံက စီစဉ်နေခြင်းအား ဆန့်ကျင်ကန့်ကွက်ရန် လူပေါင်းနှစ်ထောင်ခန့် မေ ၂၆ ရက်က ပရာဟာမြို့သို့ ချီတက်လာကြသည်။

ယင်းဆန္ဒပြမှုသည် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ် ချက်သမ္မတနိုင်ငံသို့ ဒုံးပျံကာကွယ်ရေးစနစ်ထောက်ခံမှု ရရှိရေး လာရောက်ဆွေးနွေးရန် မတိုင်မီ နှစ်ပတ်အလိုတွင် ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

အမေရိကန်က ပိုလန်တွင် ဒုံးခွင်းဒုံး ၁၀ ခု ထားရှိရန်နှင့် ချက်သမ္မတနိုင်ငံတွင် ရေဒါအခြေစိုက်စခန်း တစ်ခု ထားရှိရန် လိုလားနေကြောင်း၊ ယင်းမှာ အီရန်နှင့် မြောက်ကိုရီးယား နိုင်ငံများမှ ပစ်ခတ်လာနိုင်သည့် ဒုံးကျည်များကို ပစ်ချနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ကန့်ကွက်

ဘုရှ်သည် ယင်းအစီအစဉ်အတွက် ဇွန် ၄ ရက်မှ ၅ ရက်အတွင်း လာရောက်မည်ဖြစ်ရာ ချက်နိုင်ငံပြည်သူ သုံးပုံနှစ်ပုံက ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

ပနားမားနှင့် ဘရာဇီးတို့ အားကစားကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်

ပနားမားစီးတီး မေ ၂၈

ပနားမားနှင့် ဘရာဇီးနှစ်နိုင်ငံတို့သည် အားကစားဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူစာချုပ်တစ်ရပ်ကို ပနားမားနိုင်ငံသမ္မတ ဘရာဇီးနိုင်ငံသို့ အလည်အပတ် ရောက်ရှိစဉ် သဘောတူလက်မှတ် ရေးထိုးလိုက်ကြောင်း အမျိုးသားအားကစား အေဂျင်စီက မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ သဘောတူညီမှုကို ဘရာဆီးလီးယားမြို့၌ ဘရာဇီး အားကစားဝန်ကြီး အော်လန်ဒို ဆဲလ်ဗာနှင့် အမျိုးသားအားကစား အေဂျင်စီဥက္ကဋ္ဌတို့က သဘောတူလက်မှတ် ရေးထိုးခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် ဘော့စ်ဘော၊ ဘော်လီဘောနှင့် ဘောလုံးအားကစားအသင်းများ၊ နည်းပြများနှင့်အပြန်အလှန်လေ့ကျင့်သင်ကြားမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အစလေးချိန် ငါးတန်ရှိသောငါးမန်း



အလေးချိန် ငါးတန်ရှိသော ငါးမန်းကြီး တစ်ကောင်အား တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စု ပြည်နယ် ကမ်းလွန်မှ ဖမ်းဆီးရမိသော အပြာရောင်ရှိသည့် ငါးမန်းကြီးတစ်ကောင်သည် အရှည် ၁၀ မီတာနှင့် လုံးပတ် ၁ ဒသမ ၅ မီတာရှိပြီး အလေးချိန် ငါးတန်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ ၃၄၅၄ ဦး ရှိသွားပြီ

ဘဂ္ဂဒက် မေ ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ မေ ၂၅ ရက်က အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ဒဏ်ရာရရှိ

ယင်းနေ့၌ပင် ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ကီလိုမီတာ ၁၀၀၌ လမ်းဘေးဗုံးပေါက်ကွဲရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း၊ ဘဂ္ဂဒက်မြို့အနီးဝန်းကျင်၌ တိုက်ခိုက်ရေးသမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ရာမှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိပြီးနောက် သေဆုံးခဲ့ကြောင်း အဆိုပါ ကြေညာချက်၌ ဖော်ပြသည်။

ဖြစ်ပွား

အန်ဘာပြည်နယ် အနောက်ပိုင်း၌ သီးခြားတိုက်ပွဲတစ်ခုဖြစ်ပွားရာ မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

သေဆုံး

မေလအတွင်း ယခုအချိန်အထိ အီရတ်၌ ကန်တပ်ဖွဲ့ဝင် ၉၂ ဦး သေဆုံးခဲ့သည်။ ၂၀၀၃ခုနှစ်က အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ အီရတ်ကို ကျူးကျော်ပြီးနောက် အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၄၅၄ ဦး ရှိပြီဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မီတာ ၁၀၀ရှည်သောစွန်

မီတာ ၁၀၀ ရှည်သော စွန်ကို လွှတ်တင်ရန် ကြိုးစားနေသူ တစ်ဦးအား တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် စူကျိုးမြို့တွင် တရုတ်အမျိုးသားကြီးတစ်ဦး ပြုလုပ်ထားသောစွန်မှာ အရှည် မီတာ ၁၀၀ ရှိကြောင်း သိရသည်။

(အင်တာနက်)

ရန်ကုန်တိုင်းအမျိုးသမီးဘောလုံးအသင်း ချန်ပီယံဘွဲ့ ထိန်းသိမ်း ပထမဒိုင်းဆု ကိုးကြိမ်ဆွတ်ခူးပြီး တိုင်း၏ဂုဏ်မြှင့်တင် အားကစားသမားများ အောင်နိုင်စိတ်ပြင်းထန်မှုကြောင့် အောင်ပွဲခံ

သတင်းမှတ်စုနှင့် ဓာတ်ပုံ–ကိုကိုစိုးညွန့်

ရန်ကုန် မေ ၂၈

၂၀၀၇ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲကို မန္တလေးမြို့တွင် မေ ၄ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ရာ လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအမျိုးသမီးအသင်းက ချန်ပီယံဘွဲ့ ဆက်လက်ထိန်းသိမ်းသွားပြီး တံခွန်စိုက်ဒိုင်းဆုကြီးကို ရန်ကုန်မြေသို့ မေ ၂၇ ရက်က သယ်ဆောင်ရောက်ရှိခဲ့သည်။

ရန်ကုန်တိုင်း အမျိုးသမီးအသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲတစ်ပွဲမျှမရှိသလို ပေးဂိုးတစ်ဂိုးမျှ မပေးရသော စံချိန်တင်ကာ ချန်ပီယံဆုကြီးကို ကိုးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းအသင်းသည် ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲတစ်လျှောက်၌ ၁၉၉၅၊ ၁၉၉၆၊ ၁၉၉၇၊ ၁၉၉၉၊ ၂၀၀၁၊ ၂၀၀၃၊ ၂၀၀၅၊ ၂၀၀၆နှင့် ၂၀၀၇ ခုနှစ်တို့တွင် ချန်ပီယံဆုများကို ဆွတ်ခူးနိုင်ခဲ့ရာ သုံးနှစ်ဆက်တိုက် ဆွတ်ခူးရရှိမှု နှစ်ကြိမ် ပါဝင်ခဲ့သည်။

ကြိုဆိုနှုတ်ဆက်

ပြည်နယ်နှင့်တိုင်း အမျိုးသမီး ပြိုင်ပွဲတွင် အောင်မြင်မှု အရှိဆုံး အသင်းဟု ခေါ်ဆိုနိုင်သော ရန်ကုန်တိုင်းအသင်းမှာ ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သို့ အောင်ပွဲနှင့် အတူ ပြန်လည်ရောက်ရှိလာသည်။ အောင်ပွဲရ ရန်ကုန်တိုင်းအသင်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ နာယက၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်း အမျိုးသမီး အားကစားအဖွဲ့ ဦးဆောင်နာယက ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟ များက ရန်ကုန်ဘူတာကြီးတွင် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက် ခဲ့ကြသည်။

အောင်ပွဲခံ

ပြည်နယ်နှင့်တိုင်း အမျိုးသမီး အောင်ပွဲ ချန်ပီယံ ရန်ကုန်တိုင်း အသင်းမှာ မော်တော်ယာဉ်များဖြင့် တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ရှေ့ဆုံးကားတွင် သယ်ဆောင်ကာ အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦး ခေါင်းဆောင်၍ ရန်ကုန်မြို့အတွင်း လှည့်လည် အောင်ပွဲခံခဲ့ကြသည်။ ရန်ကုန်တိုင်းအသင်းမှာ ရန်ကုန်ဘူတာ ကြီးမှ အလံပြဘုရားလမ်း၊ အနော်ရထာလမ်း၊ ပြည်လမ်းမှနေ၍ ရှစ်မိုင် လမ်းဆုံတွင် ပြန်ကွေ့ကာ ကမ္ဘာအေး ဘုရားလမ်းမှ ပါရမီလမ်းအတိုင်း တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာ အားကစားခန်းမအထိ လှည့်လည် အောင်ပွဲခံခဲ့ခြင်း ဖြစ်သည်။

အောင်ပွဲရ ရန်ကုန်တိုင်းအမျိုးသမီး အသင်းအား ဂုဏ်ပြုကြိုဆိုပွဲကို ပဒေသာ အားကစားခန်းမတွင် ဆက်လက် ကျင်းပခဲ့သည်။ ရှေးဦးစွာ ရန်ကုန် တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေထံ တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ပြန်လည်အပ်နှံကြ သည်။ ယင်းနောက် အောင်ပွဲရ ရန်ကုန် တိုင်း အသင်းအဖွဲ့ ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦးက ပြိုင်ပွဲအတွေ့အကြုံ များကို ရှင်းလင်းတင်ပြသည်။ ထို့ နောက် အောင်ပွဲရ ရန်ကုန်တိုင်းအသင်း အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦး၊ အုပ်ချုပ်သူနှင့် နည်းပြ ဆရာများက လက်ခံ ရယူသည်။ ရန်ကုန်တိုင်း အသင်းအား ရန်ကုန်တိုင်း အမျိုးသမီး ရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက ကျပ် ၁၅ သိန်း၊ တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျပ် ၁၀ သိန်းနှင့် တိုင်းအားကစားနှင့် ကာယ ပညာကော်မတီ အဖွဲ့ဝင် ဦးခင်မောင် လတ် အောင်တံခွန် သယ်ယူပို့ဆောင် ရေးက ကျပ်ငါးသိန်း ချီးမြှင့်ခဲ့သည်။

ရန်ကုန်တိုင်း အမျိုးသမီး ရေးရာ အဖွဲ့ နာယက ဒေါ်မာမာဝေ ထံ အောင်ပွဲရ ရန်ကုန်တိုင်း အသင်း တံခွန် စိုက်ဒိုင်း ပြန် လည် အပ်နှံ စဉ်။

ချန်ပီယံ ရန်ကုန်တိုင်းအသင်းသည် ပထမအဆင့်အုပ်စုတွင် (က)အုပ်စု၌ ပါဝင်ခဲ့ပြီး ကချင်ကို လေးဂိုး–ဂိုးမရှိ၊ ရခိုင်ကို ၁၃ ဂိုး–ဂိုးမရှိ၊ ဒုတိယအဆင့် အုပ်စုတွင် ရှမ်း(တောင်ပိုင်း) ကို ခုနစ်ဂိုး–ဂိုးမရှိ၊ မန္တလေးတိုင်းကို နှစ်ဂိုး– ဂိုးမရှိ၊ ရှမ်း(မြောက်ပိုင်း)ကို လေးဂိုး– ဂိုးမရှိ၊ အကြိုဗိုလ်လုပွဲတွင် ဧရာဝတီကို နှစ်ဂိုး–ဂိုးမရှိ၊ ဗိုလ်လုပွဲတွင် အိမ်ရှင် မန္တလေးကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင် ရကာ သွင်းဂိုး ၃၃ ဂိုး၊ ပေးဂိုး မရှိဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် ပထမ ရန်ကုန်တိုင်း၊ ဒုတိယ မန္တလေးတိုင်း၊ တတိယ ဧရာဝတီတိုင်းနှင့် စတုတ္ထ မွန်ပြည်နယ် တို့ကရရှိခဲ့ပြီး ဆုကြေးများအဖြစ် ပထမ ကျပ် ၁၀ သိန်း၊ ဒုတိယ ကျပ် ငါးသိန်း၊ တတိယ ကျပ်သုံးသိန်းနှင့် စတုတ္ထ ကျပ်နှစ်သိန်းတို့ ချီးမြှင့်ခဲ့သည်။

ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဆုများကို ဂိုးသမား မေခင်ယမင်း (ဧရာဝတီ)၊ နောက်တန်း စန်းစန်းမော် (ဧရာဝတီ)၊ အလယ်တန်း အေးနန္ဒာ လှိုင် (ရန်ကုန်)၊ ရှေ့တန်း စန်းယုနိုင် (မန္တလေး) နှင့် အကောင်းဆုံးဆုကို စန်းယုနိုင် (မန္တလေး)တို့က ရရှိခဲ့ကြ သည်။

ပါဝင်ခဲ့

ယခုနှစ်ပြိုင်ပွဲတွင် တစ်သင်းလျှင် လက်ရွေးစင်နှင့် ယူ–၁၉ လက်ရွေးစင် သုံးဦးစီ ကစားခွင့်ပြုရာ ချန်ပီယံရန်ကုန် တိုင်းအသင်း၌ လက်ရွေးစင်ကစား သမား အေးနန္ဒာလှိုင်၊ မာလာဝင်း၊ စန်းစန်းသိန်း၊ ယူ–၁၉ လက်ရွေးစင် မူမူလွင်၊ နီလာမြင့်နှင့် ဖူးပွင့်ခိုင်တို့ ပါဝင်ခဲ့ကြသည်။

အောင်ပွဲရ ရန်ကုန်တိုင်းအသင်း အဖွဲ့ ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦး (ရွှေရှမ်းကန်)က **"ယခုပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်ချိန် တစ်လခွဲလောက် ရပါကြောင်း၊ အသင်း၁၄သင်း ယှဉ်ပြိုင် ကြသည့် ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် အတွက် ဝမ်းသာရပါကြောင်း၊ ထို့ပြင် ပထမဒိုင်းဆုအား ကိုးကြိမ်မြောက် ဆွတ်ခူးပြီး ရန်ကုန်တိုင်း၏ ဂုဏ်ကို မြှင့်တင်နိုင်ခဲ့၍ အတိုင်းမသိ ဖြစ်ရ ပါကြောင်း၊ ပြိုင်ပွဲတစ်လျှောက် ဧရာ ဝတီနှင့် မန္တလေးတို့ပွဲမှာ အခက်ခဲ ဆုံးဖြစ်ပါကြောင်း၊ ဆီမီးတွင် တွေ့ခဲ့ သည့် ဧရာဝတီမှာ ယခင်နှစ်များက ဖိုင်နယ်တွင် နှစ်နှစ်ဆက်တိုက်တွေ့ခဲ့ သော အသင်းဖြစ်ကြောင်း၊ မန္တလေး တိုင်းမှာလည်း အိမ်ရှင်အသင်းဖြစ်ရုံ သာမက အသင်းကောင်းတစ်သင်း ဖြစ်၍ ကစားရတာ ပို၍ခက်ခဲပါ ကြောင်း၊ မန္တလေးနှင့် ဖိုင်နယ်ပွဲ ဆိုလျှင် သူတို့ပရိသတ်က ကွင်းလုံး ပြည့်ရှိနေ၍ ကလေးတွေ စိုးရိမ်စိတ် မရှိအောင်နှင့် ပုံမှန်ခြေအတိုင်း ကစား နိုင်အောင် စိတ်ဓာတ်တင်ပေးခဲ့ ကြောင်း၊ မိမိတို့ကလေးတွေကို ပြိုင်ပွဲ စကတည်းက စိတ်ဓာတ်အမြင့်ဆုံး ရောက်အောင် ဆောင်ရွက်ပေးခဲ့၍ လည်း ဗိုလ်စွဲနိုင်ခြင်းဖြစ်ကြောင်း၊ မိမိတို့အသင်းကို ပံ့ပိုးအားပေးခဲ့ကြ သည့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မာမာဝေနှင့်တာဝန် ရှိသူအားလုံးကို ကျေးဇူးတင်ပါ ကြောင်း"**ဖြင့် ပြောကြားသွားသည်။

အောင်နိုင်စိတ်

ရန်ကုန်တိုင်းအသင်းမှာ တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် အမျိုးသမီး အားကစားအဖွဲ့တို့၏ ပံ့ပိုးအားပေးမှု များ၊ အဖွဲ့ခေါင်းဆောင် ဒေါ်မြတ် မြတ်ဦး၏ အနီးကပ်ပံ့ပိုးမှု၊ အုပ်ချုပ် သူ၊ နည်းပြများ၏ စီမံကွပ်ကဲမှု၊ ကစားသမားများ၏ နိုင်လိုစိတ် ပြင်းပြမှု၊ အောင်နိုင်စိတ် ပြင်းထန်မှု တို့က (၁၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းပြိုင်ပွဲ ကျင်းပရာ မန္တလေး မြေတွင် အောင်ပွဲခံနိုင်ခဲ့ပြီဖြစ်ပါ ကြောင်း။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ပြည်နယ်နှင့်တိုင်း ချန်ပီယံရန်ကုန်တိုင်းအသင်းနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၅-၂၀၀၇
(အင်္ဂါနေ့)

၇း၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇း၀၅ (၂၄)ပစ္စည်းပဋ္ဌာန်း
ဒေသနာတရားတော် (အပိုင်း–၈)
(ဓမ္မဒူတအရှင်ဆေကိန္ဒ)
၈း၀၀ တေးဂီတအစီအစဉ်
၈း၀၅ Sunday Talk
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ မဟာဓမ္မရံသီနှင့်
ယဉ်ကျေးလိမ္မာစေသော–––
၉း၂၅ ပြည်တွင်းသတင်းအကျဉ်း
၉း၃၅ အံ့မခန်းဖူးတွေ့စရာ
အလောင်းတော် ကဿပလိုဏ်ဂူမှာ
၁၀း၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀ Music Gallery
(Radio Alive)(အပိုင်း–၁)
၁၀း၄၀ မိုးလေဝသခန့်မှန်းချက်
၁၀း၄၅ ကျောက်ဆစ်ထွင်းထု
ပုံဖော်ပြုအနုမြတ်ပညာ
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ တစ်ကျော့ပြန်တီဘီ(အပိုင်း–၁)
(ဒေါက်တာဇေစိုး)
၁၁း၂၀ ရေပျော်ငှက်တို့နားခိုရာ
၁၁း၃၀ တေးဂီတအစီအစဉ်
၁၁း၃၅ Celebrity Style
(ဆုပန်ထွာနှင့် တွေ့ဆုံခြင်း)
၁၂း၁၅ ပြည်တွင်းသတင်းအကျဉ်း
၁၂း၃၅ ရန့်စုံထူးကဲ ဆပ်ပြာမွှေးခဲ
၁၂း၄၅ တေးဂီတအစီအစဉ်
၁၂း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၅၅ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
(တစ်ခုပညာကိုယ်စီပါ)
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီ အထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အရက်သမားတို့အတွက် သတိပေးချက် ဗြိတိန်၌ ၂၀၀၈ ခုနှစ်ကုန်စတင်မည်

ဗြိတိန်နိုင်ငံ၌ ၂၀၀၈ခုနှစ်ကုန်တွင် ဆေးလိပ်၊ စီးကရက်သောက်မှု သတိပေးချက်ကဲ့သို့ အရက်သောက်သူများအတွက် သတိပေးနှိုးဆော်ချက်များ လုပ်ဆောင်တော့မည်ဖြစ်သည်။

ဖော်ပြ

ဗြိတိန်အစိုးရ သက်ဆိုင်ရာဝန်ကြီးများနှင့် အရက်လုပ်ငန်းတို့၏ သဘောတူညီချက်အရ ထိုကာလတွင် အရက်ပုလင်းနှင့် အရက်စည်များတွင် ယမကာ၌ အရက်ပါဝင်မှု၊ အရက်ယူနစ် အသေးစိတ်၊ ဘေးကင်းစွာ သောက်သုံးနိုင်သည့်အဆင့်တို့ကို ဖော်ပြမည်ဖြစ်သည်။

သတိပေးချက်

အရက်သောက်သူများအား သတိပေးသည့် စာတန်းများတွင် "မိမိရေချိန် မိမိသိပါ"၊ "တာဝန်သိသိ သောက်သုံးပါ" စသည့် သတိပေးချက်များအပြင် သတ်မှတ်ဖော်ပြထားသည့် ယူနစ် အရ အမျိုးသားများ တစ်နေ့လျှင် သုံးယူနစ်နှင့် လေးယူနစ်ထက် ပိုမသောက်ရ၊ အမျိုးသမီးများ တစ်နေ့လျှင် နှစ်ယူနစ်နှင့် သုံးယူနစ်ထက် ပိုမသောက်ရဟူသော သတိပေးချက်များ ပါဝင်မည်ဟု သိရသည်။

(အင်တာနက်)

Know your limits

UK Chief Medical Officers recommend

Adults do not regularly exceed:

Men	3-4 units daily
Women	2-3 units daily

Avoid alcohol if pregnant or trying to conceive

ဘင်နီတက်ဇ် အလိုရှိနေသော တိုက်စစ်မှူးတီဗက်ဇ်

လန်ဒန် မေ ၂၈

ချန်ပီယံလိဂ်ဖလားကို လက်လွတ်ဆုံးရှုံးခဲ့ရပြီး ရာသီကုန်၌ ဖလားလက်မဲ့ဖြစ်ခဲ့ရသော လီဗာပူးအသင်းသည် လာမည့်ဘောလုံးရာသီ၌ လူအင်အားထပ်မံဖြည့်ဆည်းမည့် အစီအစဉ်များပြုလုပ်နေပြီဖြစ်သည်။

ဝက်စ်ဟမ်းအသင်းမှ အာဂျင်တီးနား တိုက်စစ်မှူး တီဗက်ဇ်။

(ဓာတ်ပုံ-အင်တာနက်)

လီဗာပူးအသင်း ပြောင်းလဲပြင်ဆင်မှုတွင် တိုက်စစ်ကို အဓိကထားအားဖြည့်သွားမည်ဟု လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ပြောကြားနေသော်လည်း နယူးကာဆယ်အသင်းမှလီဗာပူးတိုက်စစ်မှူးဟောင်း မိုက်ကယ်အိုဝင်ကိုမူ ပြန်လည် ခေါ်ယူတော့မည်မဟုတ်ဟု ဆိုထားသည်။

ကြိုးစားလျက်ရှိ

ယခုအခါ လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ပရီမီယာလိဂ်အသင်းဖြစ်သည့် ဝက်စ်ဟမ်းမှ တိုက်စစ်မှူး တီဗက်ဇ်ကိုခေါ်ယူရန် ကြိုးစားလျက်ရှိနေပြီဖြစ်သည်။ တီဗက်ဇ်၏ ကစားအားနှင့် ဂိုးသွင်းစွမ်းရည်တို့ကို မိမိလေ့လာထားပြီး ဖြစ်ကြောင်းလည်း ဘင်နီတက်ဇ်က ပြောကြားနေသည်။

ဝက်စ်ဟမ်းတိုက်စစ်မှူး တီဗက်ဇ်၏ နာမည်အပြည့်အစုံမှာ ကာလို့စ်အယ်ဘာတိုတီဗက်ဇ်ဖြစ်ပြီး အာဂျင်တီးနား နိုင်ငံသားဖြစ်သည်။ တီဗက်ဇ်အား အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေးရစ်မြို့၌ ၁၉၈၄ခုနှစ် ဖေဖော်ဝါရီ၅ရက်တွင်မွေးဖွားခဲ့သူဖြစ်ရာ အသက်(၂၃)နှစ်အရွယ်သာရှိနေသူ တိုက်စစ်မှူး တစ်ဦးလည်း ဖြစ်သည်။

ရောက်ရှိ

တီဗက်ဇ်သည် ငယ်ရွယ်စဉ်ကပင် ဘောလုံးစွမ်းရည်ထူးချွန်ခဲ့သူဖြစ်သည့်အတွက် အသက်(၁၃)နှစ်အရွယ်မှာပင် အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာအသင်းသို့ လူငယ်ကစားသမားအဖြစ် ရောက်ရှိလာခဲ့သူ ဖြစ်သည်။

ကမ္ဘာ့တစ်လွှား အားကစား

ဘိုကာဂျူနီယာအသင်းသို့ရောက်ရှိလာသောတီဗက်ဇ်သည်ရေနွေးပူလောင်မိသောဒဏ်ကြောင့် ညာဘက်နား၊ လည်ပင်းနှင့်ရင်ဘတ်တို့တွင် ဒဏ်ရာပြင်းစွာရရှိခဲ့ပြီး လေးလခန့် ဘောလုံးမကစားနိုင်ခဲ့ချေ။

ရယူပေးခဲ့

ကြေးစား ဘောလုံးသမားဘဝကို ဘိုကာဂျူနီယာအသင်း၌ ၂၀၀၁ခုနှစ်မှ စတင်ကစားခဲ့သည်။ တီဗက်ဇ်ပါဝင်ကစားပေးခဲ့သော ဘိုကာဂျူနီယာအသင်းသည် ၂၀၀၃ခုနှစ်တွင် အာဂျင်တီးနား ချန်ပီယံရှစ်ဖလားအပြင် အခြားပြည်တွင်းဖလားများကိုလည်း ရယူပေးနိုင်ခဲ့သည်။

စွမ်းဆောင်ပေးနိုင်ခဲ့

ထို့အတူ ၂၀၀၄ အိုလံပစ်ဘောလုံးပြိုင်ပွဲတွင်လည်း အာဂျင်တီးနားအသင်းဗိုလ်စွဲအောင်စွမ်းဆောင်ပေးနိုင်ခဲ့သဖြင့် ၂၀၀၃ခုနှစ်နှင့် ၂၀၀၄ခုနှစ်များအတွက် အာဂျင်တီးနား ဘောလုံးကလောင်ရှင်များ ရွေးချယ်ပေးသော အကောင်းဆုံးဘောလုံးသမားဆု ရရှိခဲ့သည်။ ထို့အပြင် ၂၀၀၄ခုနှစ်အတွက် အာဂျင်တီးနားနိုင်ငံ၏ အကောင်းဆုံး အားကစားသမားဆုလည်းရရှိခဲ့သည်။

ထို့အတူ ၂၀၀၄ခုနှစ်က ကမ္ဘာတစ်ဝန်း နိုင်ငံတကာဘောလုံးပွဲများ၌ တီဗက်ဇ် ၁၆ဂိုးအထိ သွင်းယူခဲ့ရာ ၂၀၀၄ ခုနှစ်အတွက် ကမ္ဘာ့ဂိုးသွင်းအများဆုံးဆုကို အီရန်တိုက်စစ်မှူး အလီဒါအီထက် တစ်ဂိုးသာ လျော့နည်းခဲ့သဖြင့် လက်လွတ်ခဲ့ရသည်။

စံချိန်တင်

၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ကိုရင်သီရင် အသင်းသို့ ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာသန်း ၂၀ဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုပြောင်းရွှေ့ခဲ့သည်။ အဆိုပါ ပြောင်းရွှေ့ကြေးမှာ တောင်အမေရိက ဘောလုံးလောက၌အမြင့်မားဆုံး စံချိန်တင်ခဲ့သည်။

အာဂျင်တီးနားဘောလုံး ကြယ်ပွင့်ဖြစ်လာခဲ့သော တီဗက်ဇ်ကို ချယ်လ်ဆီးနှင့်အခြားဥရောပ ကလပ်အသင်းကြီးများက ခေါ်ယူခဲ့သော်လည်း ၂၀၀၆ ခုနှစ်၌ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ဝက်စ်ဟမ်းအသင်းသို့ရောက်ရှိလာသောတိုက်စစ်မှူးတီဗက်ဇ်သည်ပရီမီယာလိဂ်တွင် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ၌ ဝက်စ်ဟမ်းအတွက် ခုနစ်ဂိုး သွင်းယူပေးခဲ့သည်။

ရှုန်းကန်ခဲ့ရ

၂၀၀၆-၂၀၀၇ ခုနှစ်ဘောလုံးရာသီ၌ ဝက်စ်ဟမ်းတွင် ခြေစွမ်းပြဂိုးသွင်းနိုင်ဆုံးပွဲမှာ ဘော်လ်တန်နှင့်ပွဲဖြစ်ပြီးတီဗက်ဇ်နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းမှာလည်း ယခုနှစ်၌ အဆင့် ၁၅သာရရှိခဲ့ပြီး တန်းမဆင်းရရေးပင် ကြိုးစားရုန်းကန်ခဲ့ရသည်။

သို့သော် ယခုနှစ်၌ တီဗက်ဇ်အနေဖြင့် ဝက်စ်ဟမ်းနှင့်အတူ ၁၉ပွဲ ကစားခဲ့ရာတွင် ခုနစ်ဂိုးသာသွင်းယူနိုင်ခဲ့သော်လည်း ဝက်စ်ဟမ်းတိုက်စစ်မှူး ဇာမိုရာမှာ ၁၁ဂိုး သွင်းယူနိုင်ခဲ့သည်။

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ယခုအခါ နောက်နှစ်ဘောလုံးရာသီအတွက် ဘောလုံးသမားများဖြည့်ဆည်းနေချိန်တွင် တီဗက်ဇ်အား ခေါ်ယူရေး ထိပ်တန်းအသင်းကြီးများက အားပြိုင်လျက် ရှိနေကြသည်။

စိတ်ဝင်စားစရာကောင်း

တီဗက်ဇ်အား မန်ယူ၊ ချယ်လ်ဆီးကလပ်များကလည်း ခေါ်ယူနေသလို လီဗာပူးတို့ကလည်း အရခေါ်ယူရန် ကြိုးစားနေလျက်ရှိရာ တီဗက်ဇ် မည်သည့်အသင်းရောက်ရှိသွားမည်ကလည်း စိတ်ဝင်စားစရာ ကောင်းနေသည်။

စောင့်ကြည့်ရမည်

လီဗာပူးနည်းပြ ဘင်နီတက်ဇ်က တီဗက်ဇ်သည် မိမိလိုချင်သော တိုက်စစ်မှူးများ၌ ထိပ်ဆုံးမှပါဝင်နေသည်ဟု ဆိုနေရာ လက်တွေ့၌မည်သို့ဖြစ်လာမည်ကိုစောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ဘာစီလိုနာအသင်းမှ တိုက်စစ်မှူး အီတိုးသည် မကြာမီ သီတင်းပတ်များက လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် ဆက်သွယ်ခဲ့မိကြောင်း ၎င်းက ဝန်ခံပြောကြားလိုက်သည်။**

* ရုရှားဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် လိုကိုမိုးတစ်အသင်းသည် ပြိုင်ဘက် အက်ဖ်ကေမော်စကိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးသွားသည်။

* **ဂျူဗင်းတပ်စ်အသင်း နည်းပြဒက်ချ်ချမ့်သည် အသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားပြီဖြစ်သည်။** (အင်တာနက်)

အစ္စတန်ဘူလ်တွင် ချန်ပီယံဆု ဆွတ်ခူးရရှိသွားသော ဒီမင်တီဗာ၏အပြုံး။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားတင်းနစ်မယ် ဒီမင်တီဗာ အစ္စတန်ဘူလ်၌ အောင်ပွဲခံ

အစ္စတန်ဘူလ် မေ ၂၈

ရုရှားတင်းနစ်အားကစားမယ် ဒီမင်တီဗာသည် တူရကီနိုင်ငံ၌ ကျင်းပသော အစ္စတန်ဘူလ်ဖလား တင်းနစ်ဗိုလ်လုပွဲတွင် ပြင်သစ်မှ အာရာဗာနီရီဇိုင်းအား အနိုင်ရပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူးနိုင်

ဒီမင်တီဗာသည် အဆိုပါဗိုလ်လုပွဲတွင် ပြိုင်ဘက် ရီဇိုင်း ဒူးဒဏ်ရာရသွားသဖြင့် ချန်ပီယံဆုဖလားကို ပွဲပြီးအောင်မကစားရဘဲ ဆွတ်ခူးသွားခြင်း ဖြစ်သည်။

ကမ္ဘာ့နံပါတ်၁၃အဆင့်ရှိ အဆိုပါ ရုရှားတင်းနစ်အားကစားမယ်သည် ပြင်သစ်အိုးပင်းအကြို ယခုနှစ်အတွင်း ပထမဆုံးသော တစ်ဦးချင်း ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လွဲခဲ့ရ

ပြင်သစ်နိုင်ငံသူ ရီဇိုင်းသည် အဆိုပါအစ္စတန်ဘူလ်ဖလားပြိုင်ပွဲ အစောပိုင်းပွဲများတွင် ရုရှားမှ မာရီယာရှာရာပိုဗာနှင့် ဗီးနပ်စ်ဝီလျံတို့ကို အနိုင်ရရှိခဲ့သူဖြစ်သည်။ သို့ရာတွင် သူမသည် အကြိုဗိုလ်လုပွဲ၌ ဒူးခေါင်းဒဏ်ရာရရှိ၍ အကောင်းဆုံး ချန်ပီယံဆုဖလားနှင့် လွဲခဲ့ရသည်။ **(အင်တာနက်)**

ရေးသားသူ-မြင့်မောင်စိုး

ပြင်သစ်အိုးပင်းတင်းနစ် စတင်ယှဉ်ပြိုင် ထိပ်တန်းတင်းနစ်ကစားသမားများ ပါဝင်

ပါရီ မေ ၂၈

တင်းနစ်လောကတွင် ကြီးလေးကြီး ပြိုင်ပွဲတစ်ခုဖြစ်သည့် ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲကို မေ၂၇ ရက်က စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

အဆိုပါ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ဇွန်၁၀ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ရေပန်းစားနေသူ

ယင်းပြိုင်ပွဲတွင် ဘယ်လ်ဂျီယံမှ ကမ္ဘာ့နံပါတ်(၁) တင်းနစ်အားကစားမယ် ဂျူစတင်ဟေနင်သည် ဖလားဆွတ်ခူးရန် ရေပန်းစားနေသူ တစ်ဦးဖြစ်သည်။ သူမသည် အဆိုပါ ပြင်သစ် အိုးပင်း ချန်ပီယံပြိုင်ပွဲ၏ လက်ရှိချန်ပီယံလည်း ဖြစ်သည်။

ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ် ဂျူစတင်ဟေနင်အား ယမန်နှစ်က ပြင်သစ်အိုးပင်းဖလားနှင့်အတူ တွေ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

သူမသည် မေ ၂၇ရက် ဖွင့်ပွဲနေ့တွင် ရုရှားမှအယ်လီနာဗက်နီနာကို အနိုင်ရလိုက်သဖြင့် ဖလားကာကွယ်ရေး ခြေလှမ်းသစ်ကို စတင်လိုက်ပြီဖြစ်သည်။

ပါဝင်

ယင်းပြိုင်ပွဲတွင် ကမ္ဘာ့နာမည်ကြီး တင်းနစ်အကျော်အမော်များဖြစ်သည့် ရှာရာပိုဗာ၊ မော်ရက်စမို၊ ဆီရီနာဝီလျံ၊ ကွက်ဇ်ညက်ဆိုဗာနှင့် အီဗန်ဒိုဗစ်တို့ ပါဝင်ကြောင်း သိရသည်။ (အင်တာနက်)

အင်္ဂလန်နည်းပြ ဘက်ခမ်းကို တန်ဖိုးထားသင့်

လန်ဒန် မေ ၂၈

ဒေးဗစ်ဘက်ခမ်းကို အင်္ဂလန်အသင်းက ပြန်ခေါ်လိုက်ပြီဖြစ်သော်လည်း သာမန်ချစ်ကြည်ရေးပွဲများသာ ထည့်သွင်းကစားခဲ့လျှင် ၎င်းအနေဖြင့် ကျေနပ်နိုင်လိမ့်မည်မဟုတ်ကြောင်း အယ်လ်အေဂလက်ဆီ အသင်းမန်နေဂျာ အလက်စီလာလက်က အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်အား သတိပေးစကားပြောကြားလိုက်သည်။

ထောက်ခံပြောကြား

အသက်(၃၂)နှစ်ရှိ ဒေးဗစ်ဘက်ခမ်းအား အင်္ဂလန်အသင်းက ပြန်ခေါ်လိုက်သဖြင့် အင်္ဂလန်အသင်းသည် နိုင်ငံတကာပွဲများ ကစားရာတွင် အောင်မြင်မှုပြန်လည်ရရှိနိုင်ကြောင်းလည်း ၎င်းက ထောက်ခံပြောကြားလိုက်သည်။

ဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်အသင်းတွင် ရှိသင့်ရှိထိုက်သော ကစားသမားတစ်ဦးဖြစ်ကြောင်းလည်း ရီးရဲမက်ဒရစ်နည်းပြ ကာပယ်လိုက ထောက်ခံခဲ့သည်။

ရီးရဲမက်ဒရစ်၌ ကစားနေသော ဘက်ခမ်းသည် ကမ္ဘာတွင်အကောင်းဆုံး ဘောလုံးသမားများထဲမှ တစ်ဦးဖြစ်နေဆဲဖြစ်သည်။

လာလီဂါ

ဘက်ခမ်း၏ အောင်မြင်ကျော်ကြားသော ရီးရဲမက်ဒရစ်အသင်းသည်လည်း လာလီဂါဖလား ဆွတ်ခူးနိုင်ရန် နီးစပ်လာပြီဖြစ်သည်။ **(အင်တာနက်)**

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်း။

(ဓာတ်ပုံ-အင်တာနက်)

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ရတနာပုံလမ်း အမှတ်၈၇နေ ဦးကျော်ဟိုး-ဒေါ်သင်းရီတို့အားအမှူးထား၍ ကိုကျော်လွင်ဦး၊ ကိုအောင်ကျော်ဇေယျတို့အားရည်စူးကာ ကိုတင်အေး-မလွင်လွင်မာ၊ မဉမ္မာအောင်၊ မအေးသင်းသင်းစိုး၊ မတင်တင်မွန်းမောင်နှမတစ်စုတို့က ကျောင်းအလှူငွေကျပ်နှစ်သိန်းတစ်သောင်းကို ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ) ရှေ့မှောက်၌လှူဒါန်းရာ အမှုဆောင် ဒေါက်တာဦးမောင်မောင်မြင့်က လက်ခံယူစဉ်။ (က-ပ)

စည်ပင်ဒုတိယညွှန်ချုပ် ဆားမှော်ချောင်းကူး အုတ်ခုံခံတံတားကြည့်ရှု

မိုးကောင်း မေ ၂၂

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို၊ စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးညီညီတင်တို့နှင့်အတူ မေ ၉ ရက်က မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ပြီးစီးသည့် အရှည် ၇၅ ပေ၊ အကျယ် ၁၄ ပေရှိ ဆားမှော် ချောင်းကူးကွန်ကရစ်အုတ်ခုံခံသစ်သားတံတားကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစန်းဝင်းက တံတားနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။ **(၄၁၆)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် အနန္တောအနန္တ ငါးပါး ဦးထိပ်ထား၍ မန္တလေးတိုင်း မိတ္ထီလာမြို့ အောင်ဇေယျာရပ် (၁၂)နယ်မြေ သီရိလမ်း အမှတ် ၉၆၈နေ ဦးကျော်မြင့် [တပ်မတော်(လေ)ငြိမ်း]-ဒေါ်နှင်းနှင်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော်(ပဲခူး) ဒေါက်တာဝိစိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သန်လျင် သာသနာ့ဗိမာန်တော်တည်ဆောက်ရေး ညှိနှိုင်းစည်းဝေး

သန်လျင် မေ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သာသနာ့ကျက်သရေဆောင် မဟာအတုလသဒ္ဓမ္မရံသီသာသနာ့ဗိမာန်တော်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၀ရက်နံနက် ၉နာရီက တည်ဆောက်ရေးအုပ်ချုပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လျှောက်ထား

ရှေးဦးစွာ အခမ်းအနားကို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံမှသြဝါဒခံယူပြီးတည်ဆောက်ရေးအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး (ငြိမ်း)က တတိယအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ဘဏ္ဍာငွေ ရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန်က အလှူငွေရရှိမှုနှင့် သုံးစွဲမှုအခြေအနေကိုလည်းကောင်း၊ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်နီက ဦးစားပေးအလိုက် တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ငွေက အလှူငွေရရှိရေး ပြန်ကြား/လှုံ့ဆော်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းလျှောက်ထားကြသည်။

လှူဒါန်းနိုင်

ယခုအခါ သန်လျင်မြို့သာသနာ့ဗိမာန်တော်သည် ၆၅ရာခိုင်နှုန်းတည်ဆောက်ပြီးစီးနေပြီဖြစ်ရာ **(ဝဲပုံ)** ရပ်နီးရပ်ဝေးမှ အလှူရှင်များ ရုံးအဖွဲ့(၁) ကျိုက်ခေါက်ဘုရားလမ်းနှင့် ရုံးအဖွဲ့(၂) နီလာမင်းရွှေဆိုင် ဖုန်း-၀၅၆-၂၁၀၀၄၊ ၂၁၂၀၁၊ ၀၉-၅၀-၁၅၀၂၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တိုက်ကြီးမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး စီမံချက်အရ မေ ၁၇ ရက်က ဒုတိယဦးစီးမှူး ဒေါ်မော်မော်သိန်းနှင့် အဖွဲ့ဝင်ထမ်းများ မြို့ဝင်တောင်ဘက်မြေယာရှုခင်း ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးမှုကို အမှုဆောင်အရာရှိ နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံ

အထက်မင်းလှ မေ ၂၄

သရက်ခရိုင်မင်းလှမြို့နယ်တွင် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးရေးအစီအစဉ်အရ မြို့ပေါ် ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၉ အုပ်စုသို့ မေ ၁၄ ရက်နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိရာ အဆိုပါဝက်သက်ရောဂါကာကွယ်ဆေးထိုး စုရပ်တစ်ခုဖြစ်သည့် အမှတ်(၁) ရပ်ကွက်တွင် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းရီနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဆရာမများနှင့် တာဝန်ရှိသူ ဌာနဆိုင်ရာများ ပါဝင်ကူညီဆောင်ရွက်ကြပြီး မင်းလှမြို့နယ်တွင် အသက်ကိုးလမှ ငါးနှစ်အတွင်းရှိ ကလေးငယ်များအားလုံး အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးများကို မေ ၁၄ ရက်မှ ၁၉ ရက်အထိ အပြီးထိုးနှံပေးခဲ့ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

လှိုင်လင်မြို့ပေါ်ရပ်ကွက်များ၊ ဆေးရုံနှင့် ကျောင်းများသို့ ရေပေးဝေလျက်ရှိသော နောင်တောင်းရေကန်အတွင်းရှိ ရေညှိများ၊ ဒိုက်များနှင့် အမှိုက်များ မရှိစေရေးအတွက် လှိုင်လင်ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ဧပြီ ၃၀ရက်က လှိုင်လင်ခရိုင် ဥက္ကဋ္ဌ ဦးအောင်ငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဗန်ကျွမ်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(နယ်စပ်/စည်ပင်)

ဘုရင့်နောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ထန်းတပင် မေ ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင်ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော အရှည် ပေ ၁၉၂၀၊ အကျယ် ၁၂ ပေရှိသော ဘုရင့်နောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက်က အဆိုပါ မုခ်ဦးရှေ့၌ ကျင်းပသည်။

ကတ္တရာလမ်းသစ်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနို့အောင်နှင့် အမှုဆောင်အရာရှိ ဦးဌေးလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်စည်ပင်)



သီးထပ်ရင် နှမ်းစပါးစံကွက် စုပေါင်းရိတ်သိမ်း

အင်္ဂပူ မေ ၂၀

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့တို့ပူးပေါင်းပြီး မဲဇလီကုန်းဒေသ လှျပ်စစ်ရေတင်၍ စိုက်ပျိုးထားသည့် နွေစပါးများအနက် သီးထပ်ရင် နွေစပါးစံကွက် စုပေါင်းရိတ်သိမ်းပွဲကို မေ ၉ရက် နံနက် ၉နာရီက အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၆၂၈) ဦးပိုင်အမှတ် (၃၃၁) မြေကွက်အမှတ် (၁၄၇၇) တောင်သူ ဦးလှမိုး၏ နွေစပါးစိုက်ကွင်းတွင် ကျင်းပသည်။

နွေစပါး စုပေါင်းစံကွက်ရိတ်သိမ်းပွဲတွင် အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်စိုး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစောမြင့်သိန်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာအဖွဲ့ဝင်များနှင့် တောင်သူလယ်သမားများစုပေါင်း၍ သီးထပ်ရင်နွေစပါးစံကွက် ရိတ်သိမ်းကြရာ တစ်ဧကအထွက်နှုန်း ၁၈၀ ဒသမ ၉၅တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ **(၁၃၁)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နယုန်လပြည့်နေ့
၃၀-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀	တရားတော် (နယုန်လပြည့် မဟာသမယအခါတော်နေ့ တရားတော်)

နေ့လယ်ပိုင်း

၁၁:၁၅	နိုင်ငံ့စီးပွားလုပ်ငန်းများ (နွေးထွေးလှပ ပြင်ဦးလွင်မြို့က ဆွယ်တာအလှ)
၁၁:၃၀	သောတရှင်အတွက် ပြန်ကြားချက်
၁၂:၀၀	ယဉ်ကျေးမှုအနုပညာ (သမီးလိမ္မာ မှတ်စရာ-ခင်မောင်လွင်-မြန်မာစာ)
၁၂:၂၅	သူ့အတွေးနှင့်သူ့အရေး (ပျော်ရွှင်ရေးအတွက် လိုအပ်ချက်များ)
၁၂:၃၅	သီချင်းကြီးပဒေသာ (၁) ရွှေဖီခိုင်ညှာ(ပတ်ပျိုး)(သီတာအေး) (၂) ဘိန်းဘုံဘွေ(ပတ်ပျိုး)(ကိုထွန်းရွှေ)

ညနေပိုင်း

၁၆:၁၀	နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကျောက်မျက်အချောထည်နှင့် ငွေပန်းထိမ်လုပ်ငန်း)
၁၇:၀၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) နောင်ဘဝမှာ ပေါင်းပါရစေ (ဂီတာဖေဝင်း) (၂) သံယောဇဉ် လွန်းတင်သည့်ကြိုး (ပိုးအိစံ) (၃) စံပယ်ကြွေမှာ စိုးမိတယ် (တပ်ကြပ်ကြီးညွှန့်ခင်)
၁၇:၃၀	ခံတွင်းမြိန်စရာ သူ့လက်ရာ (ဝက်အူချောင်းကြော်၊ ပဲဟင်းချို၊ ကျောက်ပွင့်သုပ်)
၁၇:၄၅	အဆို၊ အက၊ အရေး၊ အတီးဆုရ အစီအစဉ်(ရန်ကုန်တိုင်းမှ မောင်မိုးမြင့်ဆက်နှင့် ဧရာဝတီတိုင်းမှ မောင်သိုက်ထွန်းခံ၏ စောင်းလက်သံ)
၁၈:၄၀	စာအုပ်စာပေလူ့မိတ်ဆွေ (၁) ဂင်းနက်စ်ကမ္ဘာ့စံချိန်မှတ်တမ်းများ (ဒုတိယတွဲ) (မောင်သိန်းလွင် ပြန်ဆိုသည်) (၂) သားတို့ဖတ်ဖို့ ပုဂံသို့(မြရီလွင်)
၁၉:၁၀	မေတ္တာလက်ဆောင်ရတေးစီးရီး (မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် စည်သူလွင်၏ Unplugged တေးစီးရီး-၂)
၂၀:၃၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) စိမ်းသထက်စိမ်း (ကိုမြင့်ဆွေ) (၂) ချစ်အရိပ် (ခင်ညွန့်ရီ) (၃) တစ်ကိုင်းထဲနားချင်တယ် (ကိုကျော်ညွန့်)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်းအမှတ် ၃၂နေ ဦးကျင်မောင်-ဒေါ်စိန်စိန် သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် သိန်း ၂၀ ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရဆရာတော် ထပ်ဆင့်ဂုဏ်ပြု

မော်လမြိုင်ကျွန်း မေ ၂၂

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရရှိတော်မူသော မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ စိန္တိတာလင်္ကာရ (နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ဂုဏဝိသိဋ္ဌပူဇာသဘင်ကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီက ပစ္ဆိမာရုံစာသင်တိုက်၌ ကျင်းပသည်။

ပူဇော်ပွဲသို့မြောင်းမြ၊ ဝါးခယ်မနှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့မှ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်များ၊ အကျိုးတော်ဆောင် ဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး မြောင်းမြခရိုင်ဥက္ကဋ္ဌ ဦးအေးဟန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ သာသနာရေး ဦးစီးဌာနမှ ဦးစီးအရာရှိများ၊ ဌာနဆိုင်ရာများ၊ ပူဇော်ပွဲကျင်းပရေးကော်မတီဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညို ပူဇော်ကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးအေးဟန်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ စိန္တိတာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အလှူရှင်များက ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။**(အပေါ်ပုံ)** (ဝ၉၇)

အခြေခံစာရင်းကိုင်သင်တန်း မန္တလေး၌ဖွင့်

မန္တလေး မေ ၂၂

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မန္တလေးတိုင်းစာရင်းစစ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစာရင်းကိုင်သင်တန်း အမှတ်စဉ်(၂၉) ဖွင့်ပွဲအခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီက မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံးတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း စာရင်းရုံး ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။**(ယာပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် မန္တလေးတိုင်း စာရင်းရုံး ညွှန်ကြားရေးမှူး ဦးမြင့်အောင်က သင်တန်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် နှင့် ဝန်ထမ်းများ ရေစီးရေလာ ကောင်းမွန်ရေးစီမံချက်နှင့်အညီ ရေမြောင်းများတူးဖော်ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်က ဖြူးမြို့မဈေးကြီး အုတ်ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့၌ လုပ်အားဒါနပြု

ပျော်ဘွယ် မေ ၁၃

ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ဝင်း၊ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးတင်ဆောင်၊ တပ်ခွဲမှူး ဦးမြင့်လွင်နှင့် တပ်ဖွဲ့ဝင်များသည် (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ၅ ရက် နံနက်၉နာရီက ရှမ်းပွဲရပ် သာယာကုန်း ဘုန်းတော်ကြီးကျောင်းဝင်း ရင်ပြင်တော်အတွက် မြေထိန်းနံရံ ကျောက်ရိုးကာ မြေဖို့ခြင်းလုပ်ငန်းများဖြင့် လုပ်အားဒါနပြု ဆောင်ရွက်ကြသည်။

အဆိုပါရင်ပြင်တော်ထက်မှ စေတီတော် သုံးဆူမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ကျော်က တည်ထားကိုးကွယ်ခဲ့ကြပြီး ကျောက်ရိုးကာ မြေဖို့ ရေလမ်းလွှဲလုပ်ဆောင်မှုကို ငွေကျပ် သိန်း ၁၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်မည် ဖြစ်သည်။ (၂၅၀)

နောင်ဟီး-စန်းကား ကျေးရွာချင်းဆက်တံတားဆောင်ရွက်

ဝိုင်းမော် မေ ၁၀

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြ၊ ကျေးလက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်သည့် ပေ ၁၂၀x၁၅ ပေ အတိုင်းအတာရှိ နောင်ဟီး-စန်းကား ကျေးရွာချင်းဆက် တံတားဆောင်ရွက်နေမှုကို ဧပြီ ၂၇ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးနှင့် အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်တို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)(မြို့နယ်စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

တည်ဆောက်ဆဲ မီးသတ်ရေစင်အတွက် အလှူငွေပေးအပ်

တောင်ငူ မေ ၂၇

တောင်ငူမြို့ မီးဘေးအန္တရာယ်ကာကွယ်ရေး အထောက်အကူပြုအဖွဲ့က ကြီးမှူး၍ ရပ်မိရပ်ဖများ၏ လှူဒါန်းငွေများဖြင့် ဈေးလမ်းနှင့် လမ်းမကျယ်ထောင့်တွင်တည်ဆောက်ဆဲ ငွေကျပ်သိန်း ၂၅၀ကျော်ကုန်ကျမည့် ခေတ်မီရေဂါလန် ၂၆၀၀၀ ဆံ့ မီးသတ်ရေစင်ကြီးအတွက် မေ ၂၄ ရက်က အလှူငွေကျပ် ၁၁၀၀၀၀ ကို သတင်းထောက် ဦးကျော်လှနှင့်ဇနီး ဒေါ်ဒေဝကီးဒေဝီ (သမာဓိ) မိသားစုက ပေးအပ်လှူဒါန်းရာ မီးဘေးအန္တရာယ်ကာကွယ်ရေး အထောက်အကူပြု အဖွဲ့ ဥက္ကဋ္ဌ ဦးရဲဝင်းက လက်ခံရယူပြီး **(ယာပုံ)** အလှူရှင်မိသားစုများအား ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

တည်ဆောက်ပေးခဲ့

အဆိုပါမြို့နယ် မီးဘေးအန္တရာယ်ကာကွယ်ရေး အထောက်အကူပြုအဖွဲ့အနေဖြင့် တောင်ငူအရှေ့ခြမ်း ရန်ကုန်-မန္တလေး ကားလမ်းနှင့် သိပ္ပံလမ်းထောင့် ကန်စိမ်းအနီးတွင်လည်း အလားတူ ရေဂါလန် ၁၆၀၀၀ ဆံ့ မီးသတ်ရေစင်တစ်ခု စုပေါင်းအလှူငွေများဖြင့် တည်ဆောက်ပေးခဲ့ကြောင်းသိရသည်။ **(၃၇၂)**

ဒေသထွက်သီးနှံ တာရှည်ခံ စားသောက်ကုန်ပစ္စည်း ထုတ်လုပ်မှု နည်းပညာသင်တန်း ပင်းတယ၌ဖွင့်

ပင်းတယ မေ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နယ် သမဝါယမဦးစီးဌာန၏ စီစဉ်ညွှန်ကြားမှုဖြင့် သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ပင်းတယမြို့နယ် သမဝါယမဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဒေသထွက် သီးနှံတာရှည်ခံ စားသောက်ကုန်ပစ္စည်း ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၄ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးညွှန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်စိုးနှင့် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းထွန်းတို့က အမှာစကား ပြောကြားကြပြီး သမဝါယမ ဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်ဇံက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းကို မေ ၁၄ ရက်မှ မေ ၂၀ရက်အထိ ရက်သတ္တတစ်ပတ် သင်တန်း ပို့ချခဲ့ရာ သင်တန်းသားသင်တန်းသူ ၈၆ ဦးတို့ တက်ရောက်ကြသည်။ အဆိုပါသင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ပင်းတယဈေး သမဝါယမအသင်း လီမိတက်က ငွေကြေးပံ့ပိုးကူညီမှုဖြင့် ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွှန့်နှင့် ဟိုပင်မြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းမှူး ကျော်သန်းတို့ ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်းပန်းအလှပင်များ ပျိုးထောင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြဝတီမြို့နယ် သဃ်္ဃန်းညီနောင်စံပြကျေးရွာ ဖွင့်ပွဲကို မေ၁၀ရက်က အဆိုပါမုခ်ဦး၌ကျင်းပရာ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလူ၊ သဃ်္ဃန်းညီနောင်ကျေးရွာဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်အင်း၀ဇလမ်း အမှတ် ၉၈၉ နေ ဦးအောင်မြင့်ရွှေ-ဒေါ်တင်လှိုင်၊ သား ဦးဆန်းမြင့်၊ သမီးကြီး မနန်းသီတာအောင်၊ သမီးငယ် မနန်းဝေဝေအောင်၊ မြေး မခိုင်ဆုဝေ မိသားစုတို့ကအဘိုး ဦးသဒိုးစိန်- အဘွား ဒေါ်ခင်ယု၊ အဖေ ဦးမန်းတင်-အမေဒေါ်သိန်းမြ၊ အစ်ကိုဦးအောင်ရှင်တို့အား ရည်စူး၍ ကြေးပိဋကတ်ပဋ္ဌာန်းပါဠိတော် ကြေးပြားသုံးချပ်အတွက် အလှူငွေကျပ်၇၅၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

မြို့နယ်သတင်းများ

မေ ၈ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့်အဖွဲ့ ဖားကန့်မြို့ စည်ပင်သာယာဈေးကြီးအတွင်း ဈေးဆိုင်ခန်းများ တည်ခင်းရောင်းချမှုနှင့် သန့်ရှင်းရေးဆောင်ရွက်ထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အကြိုအခြေခံ မီးသတ်သင်တန်း ရေးမြို့၌ဖွင့်

ရေး မေ ၂၂

မွန်ပြည်နယ် ရေးမြို့နယ် မီးသတ်ဦးစီးဌာနက ကျင်းပသော (၁/၂၀၀၇) အကြိုအခြေခံ မီးသတ်သင်တန်းနှင့် လက်နက်ဖြင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၅ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးသိန်းဇော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(PAE) စနစ် ➢(ပစ္စည်းဖိုး + လုပ်အားခ+ကြီးကြပ်ခ)ပုတ်ပြတ်စနစ်ဖြစ်၍ မလိုအပ်သော အပိုကုန်ကျစရိတ်များ မရှိတော့သဖြင့် မိမိကုန်ကျလိုသော Budget အတိုင်းသာ ကုန်ကျနိုင်ပါသည်။

ကုန်ကျစရိတ် ➢30'x40' နှစ်ထပ်RC အဆောက်အအုံအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သိန်း(၃၀၀)ကျော်သာ ဖြစ်ပါသည်။ အချိန်ကာလမှာ (၆)လခန့်သာ ကြာမြင့်ပါသည်။

ရာသီဥတု ➢မိုးတွင်း၌ စတင်တည်ဆောက်၍ အဆောက်အအုံ၏ ကြံ့ခိုင်မှုကို မည်သို့မျှ မထိခိုက်နိုင်ပါ၊ ထို့ကြောင့် မိုးရာသီ၌လည်း ဆောက်လုပ်၍ရပါသည်။

44,A(1),ကျိုက်တော်အိမ်ရာ၊ ရန်ကုန်(ကုန်သွယ်မှုဗဟိုဌာန)အနောက်၊ မင်္ဂလာတောင်ညွန့်၊ရန်ကုန်။

01 - 201478, 299947, 294864, 298341

09-50 11443, 09-50 10289, 09-51 55037, 09-51 54853

အမည်ပြောင်း

ကျိုင်းတုံမြို့ အထက(၄) ဆဋ္ဌမတန်း (B)အောင်မှ မောင်စိုးသီဟအား မောင်ဇော်ခန့်လင်းဟုလည်းကောင်း၊ စတုတ္ထတန်း (A)အောင်မှ မခင်သီသီကိုအား မခင်သူသူထက်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။**မောင်ဇော်ခန့်လင်း၊ မခင်သူသူထက်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/ ၁၅၀၃၃နှင့် ၁ယ/၁၆၃၄၆၊ Honda C-90 Custom cms ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယောင်းမေ(ခ)ယဉ်မေ မှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်) ၀၁၂၂၆၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေး မြောက်ပိုင်း) မန္တလေးမြို့။

တစ်ဦးတည်းဖြစ်ကြောင်း

အဖ ဦးတင်ငွေလေး၏ သမီး အထက(၁) မိုးညှင်း နဝမတန်း (အောင်)မှ မသက်ထားဇွန်(ခ) မအေးချမ်းမွန်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **သက်ထားဇွန်(ခ)အေးချမ်းမွန်။**

ဖခင်အမည်မှန်

မြဝတီမြို့အထက်တန်းကျောင်းမှ နဝမတန်းအောင် မနန်းယဉ်နု၏ ဖခင်အမည်မှန်မှာ ဦးစိုးညွှန့် ၁၀/ကမရ(နိုင်)၀၅၁၀၀၄ ဖြစ်ပါသည်။

ဦးစိုးညွှန့်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် တခလ-၉၈၈၃ Honda Dream Goop ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းမင်းထွေး ၁၃/မတန(နိုင်)၀၀၀၃၂၀က (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တာချီလိတ်)။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် တခလ-၇၀၈၀ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းဆီမော် ၉/မရမ(နိုင်)၀၈၀၃၀၇က (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တာချီလိတ်)။**

Wisdom Village Education Centre

ဆရာကောင်း B.A (Hons:) M.A (English)

SAT | IELTS | Academic - Writing - Speaking

GCE | 4 Skills - Basic -Intermediate

TOEFL

အမှတ် (၂၆၃)၊ ဗားဂရာလမ်း နှင့် ဗိုလ်မိုးလမ်းထောင့် ဂမုန်းပွင့်ကုန်တိုက်အနီး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

Contact : 09-5115486, 01-516680

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျေးဇူးဆပ်ပါမည်

ကျွန်မ မလှကေသီ၏ နိုင်ငံကူးလက်မှတ် အမှတ်-၂၃၄၄၂၂သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၂၄၀၃၃၂။

K.I.S ကားငှားလုပ်ငန်း

ကားမျိုးစုံငှားရန်ရှိသည်။

ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ဖုန်း-၂၉၃၂၉၄၊ ၀၉-၅၀၀-၂၄၄၀၊ ၀၉-၅၁-၃၄၇၇၈၊ ၄၄၁၂၁၈၁။

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး က/ဂရပ်ကွက် တာမွေလမ်း အမှတ် (၁၃၆) ခေါင်းရင်းခန်း၊ မြေညီထပ်ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလပိုင်ဆိုင်သူ ဦးလှဖေ(ကွယ်လွန်)၏ အမွေဆက်ခံပိုင်ခွင့်ရှိသူများဖြစ်သော ဦးခင်ရှိန်၁၂/တမန(နိုင်)၀၄၄၀၇၄နှင့် သားသမီး လေးဦးအပါအဝင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ (စရန်ငွေ) ပေးချေထားပြီးဖြစ်ပါသည်။

၎င်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့် တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ၁၀ ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုအပြီးတိုင် ဆက်လက်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဦးဘသန်း(စဉ် ၄၃၀၀) LL.B တရားရုံးချုပ်ရှေ့နေ**

အမှတ်-၁၈၃၊ ရွှက်ဝါလမ်း၊ ၁၉/ကရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဖုန်း-၀၉-၅၁-၂၈၃၆၅။

ကျေးဇူးတင်ရှိခြင်း

ဦးမျိုးခင်(စိန်သီဟ အလှဆင်ကျောက်ပြား)၏ ဈာပန ကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ အားပေးနှစ်သိမ့်ကြသော အသင်းအဖွဲ့များ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
(၁/၂၀၀၇)ကြိမ်မြောက် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရေနံသိုလှောင်သံကန်အတွင်းရှိ ဆီပျက်အနည်အနှစ်များကို မျက်မြင်အခြေအနေအတိုင်း အောက်ဖော်ပြပါစည်းကမ်းချက်များအရ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

(က) **သံကန်တည်နေရာ** - မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း သံပုရာကန်ရေနံချက်စက်ရုံဝင်း အထက်မင်းလှမြို့နယ်၊ မကွေးတိုင်း

(ခ) **ဆီပျက်အနည်အနှစ်များ ထည့်သွင်းထားသည့်သံကန်** - မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရေနံထည့်သွင်းအသုံးပြုနေသည့် သံကန်အမှတ်(တီကေ-၂၃၃၂)

(ဂ) **ရောင်းချမည့် ဆီပျက်အနည်အနှစ်ပမာဏ** - ၃၂၄၇၀ ဂါလန်ခန့်

၂။ **ချိပ်ပိတ်တင်ဒါစည်းကမ်းနှင့်ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်နေ့** - ၂၈-၅-၂၀၀၇ရက်မှ ၈-၆-၂၀၀၇ရက်အထိ (ရုံးချိန်အတွင်း)

၃။ **ချိပ်ပိတ်တင်ဒါ ပစ္စည်းကြည့်ရှုခွင့်ပြုမည့်နေ** - ၂၉-၅-၂၀၀၇ရက်မှ ၁၅-၆-၂၀၀၇ရက်အထိ (ရုံးချိန်အတွင်း)

၄။ **ချိပ်ပိတ်တင်ဒါဈေးနှုန်းတင်သွင်းလွှာ နောက်ဆုံးတင်သွင်းရမည့်နေ့/အချိန်** - ၁၉-၆-၂၀၀၇ ရက် (အင်္ဂါနေ့) နံနက် ၁၁း၀၀ နာရီ

၅။ **ချိပ်ပိတ်တင်ဒါဖွင့်မည့်နေ့/အချိန်** - ၁၉-၆-၂၀၀၇ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂း၀၀ နာရီ

၆။ **ချိပ်ပိတ်တင်ဒါ စည်းကမ်းနှင့်ဈေးနှုန်း တင်သွင်းလွှာပုံစံရောင်းချမည့် နေရာနှင့် တင်သွင်းရမည့်နေရာ** - မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အမှတ်၆၀၄ ကုန်သည်လမ်း၊ ရန်ကုန်မြို့ (တင်ဒါပုံစံတစ်စောင်လျှင် ကျပ်၃၀၀၀ နှုန်းဖြင့် ရောင်းချပါမည်)

၇။ **ပစ္စည်းသွားရောက်ကြည့်ရှုရန် ဆက်သွယ်ရမည့်နေရာ** - ကြီးကြပ်ရေးအင်ဂျင်နီယာ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရေးစခန်း (သံပုရာကန်) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) ၀၁-၃၈၁၁၈၂ (ခ) ၀၁-၂၄၆၉၀၁ (ဂ) ၀၆၅-၂၁၀၀၉

ဆီပျက်အနည်အနှစ်များ ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချရေးအဖွဲ့

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း။

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြိခင်း-ပခုက္ကူရထားလမ်းပေါ်ရှိ တံတားတည်ဆောက်မှုစစ်ဆေး လုပ်ငန်းလိုအပ်ချက်များ အပြည့်အဝဖော်ဆောင်ရန်နှင့် မော်တော်ကားပါ ဖြတ်သန်းနိုင်ရေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားရန် မှာကြား

နေပြည်တော် မေ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၆ ရက် နံနက်ပိုင်းတွင် ချောက်မြို့မှ (ဆိပ်ဖြူ-ပခုက္ကူ)လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကာ လမ်းတစ်လျှောက် လမ်းတံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက လုပ်ငန်းအပ်နှံ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပေးရမည့် ကြိခင်း-ပခုက္ကူရထားလမ်းပေါ်ရှိ ရထားတံတားခြောက်စင်းအနက်မှ တစ်စင်းဖြစ်သည့် ချစ်ချောင်းတံတားတည်ဆောက်မည့်နေရာသို့ ရောက်ရှိရာ ချစ်ချောင်းတံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူး ဦးဟန်စိုးနှင့် ပခုက္ကူခရိုင်အင်ဂျင်နီယာမှူး ဦးဇော်ဝင်းမြင့်တို့က တံတားအုကြောင်းနေရာနှင့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) တံတားဦးစီးမှ အင်ဂျင်နီယာမှူးကြီး ဦးစိန်မောင်က မီးရထားတံတားနှင့် မော်တော်ကားလမ်း တွဲဖက်သုံးစွဲနိုင်မည့် လက်ရှိလမ်းအခြေအနေများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဝန်ကြီးသည် ယောချောင်းတံတားတည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၈-၅-၂၀၀၇

တောင်ငူ	၁ ဒသမ ၃၇ လက်မ
သထုံ	၁ ဒသမ ၃၀ လက်မ
ထားဝယ်	၁ ဒသမ ၀၃ လက်မ
မြိတ်	၀ ဒသမ ၉၉ လက်မ
ရမည်းသင်း	၀ ဒသမ ၂၀ လက်မ
မိတ္ထီလာ	၀ ဒသမ ၁၂ လက်မ

အောင်ပွဲရ ရန်ကုန်တိုင်းအမျိုးသမီးဘောလုံးအသင်းအား ဤသို့ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။
(သတင်းမှတ်စု ကိုကိုစိုးညွန့် စာ-၁၂)

ပံ့ပိုးပေး

ဝန်ကြီးသည် လက်ရှိ မြေပြင်အခြေအနေ၊ တံတားအုကြောင်းအခြေအနေ၊ ချောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းလိုအပ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရန်နှင့် လိုအပ်သည့်နေရာတွင် မော်တော်ကားပါ ဖြတ်သန်းအသုံးပြုနိုင်အောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်မှာကြားပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးနှင့် အားကစားအညွှန်း

ပင်မဆေးလိပ်ငွေ့နှင့် ဘေးထွက်ဆေးလိပ်ငွေ့ နှစ်ခုလုံးမှာ နီကိုတင်းနှင့် ကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းများ များစွာပါဝင်ပြီး ဤအငွေ့များကို ရှူခြင်းအားဖြင့် အဆုတ်ကင်ဆာ၊ အသည်းကင်ဆာ၊ ခံတွင်းကင်ဆာ စသောကင်ဆာများ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ သွေးတိုးရောဂါ၊ ခြေဖျားလက်ဖျား သွေးကြောပိတ်ရောဂါစသော ရောဂါများ ဖြစ်စေနိုင်သည်။

ဒေါက်တာညိုညိုကြိုင်၏ ဆောင်းပါး (စာ - ၄)

ဘင်နီတက်ဇ် အလိုရှိနေသော တိုက်စစ်မှူး တီဗက်ဇ်

ဝက်စ်ဟမ်း အသင်းမှ အာဂျင်တီးနား တိုက်စစ်မှူး တီဗက်ဇ်။

ကမ္ဘာတစ်လွှား အားကစား (စာ-၁၃)

NLD ပါတီသည် ဗဟိုဦးစီးစနစ်လွန်ကဲနေ၊ ဒီမိုကရေစီကို မှားယွင်းစွာဖော်ဆောင် အကျင့်ပျက်ခြစားမှုနှင့် နေရာယူလိုမှုများလွန်ကဲပြီး အပြောတစ်မျိုး အလုပ်တစ်မျိုးလုပ်ဆောင် မိမိအရေးနှင့် မိမိလူတစ်စု၏အရေးကို ရှေ့တန်းတင် ဂိုဏ်းဂဏများကွဲပြားနေ

ဒီပဲယင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပါအဝင် ပါတီဝင် ၃၀ စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၈

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၃၀ စုပေါင်းနုတ်ထွက်ပွဲကို မေ ၂၇ ရက် နံနက် ၉ နာရီတွင် ဒီပဲယင်းမြို့နယ် တောင်ပြင်ရပ်ကွက်ရှိ ဦးဘိုမောင်း၏ နေအိမ်ခြံဝင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

နုတ်ထွက်

ဒီပဲယင်းမြို့ စုပေါင်းနုတ်ထွက်ပွဲတွင် နုတ်ထွက်သူများမှာ ဒီပဲယင်းမြို့နယ် အမှတ်(၁)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုမောင်း၊ မြို့နယ်စည်း ဒုတိယဥက္ကဋ္ဌ ဦးပြေကျော်၊ ဦးသန်းထွန်း၊ ဦးခင်သောင်း၊ ဦးကျော်ဝင်း၊ မပေါက်ပေါက်၊ ဦးဝအိုး၊ ဦးမိုး၊ ဦးသိန်းဇော်၊ ဦးတင်ရွှေ၊ ဦးကျော်ငြိမ်း၊ ဦးညိုသန်းနှင့် ဦးပေါက်ကျောက်တို့အပါအဝင် ပါတီဝင် ၃၀ တို့ ဖြစ်ကြကြောင်း၊ နုတ်ထွက်လွှာများကို ဦးစန်းမြင့်က ဒီပဲယင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဒီပဲယင်းမြို့နယ် တရားသူကြီး ဦးကျော်ဇေယျထံသို့လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြကြောင်းသိရသည်။

လမ်းကြောင်းပျောက်ဆုံးနေ

ဒီပဲယင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးအပ်သောနုတ်ထွက်လွှာတွင် NLD ပါတီသည် ဗဟိုဦးစီးစနစ်လွန်ကဲခြင်း၊ ဒီမိုကရေစီကိုဖော်ဆောင်ရာ၌ လုပ်နည်းလုပ်ဟန် မမှန်ကန်ဘဲ မှားယွင်းနေခြင်း၊ အကျင့်ပျက်ခြစားမှုများနှင့် နေရာလိုချင်မှုများ လွန်ကဲနေကြခြင်း၊ အပြောတစ်မျိုး အလုပ်တစ်မျိုးဖြင့် စစ်မှန်သောလုပ်ဆောင်မှု၊ တိုင်းပြည်အတွက်အကျိုးပြုမှုလုံးဝမရှိခြင်း၊ ပါတီတွင်း ဂိုဏ်းဂဏများကွဲကာ မိမိအရေးနှင့် မိမိလူတစ်စု၏အရေးကို ရှေ့တန်းတင်ပြီး လုပ်ကိုင်ဆောင်ရွက်နေကြခြင်း၊ ပါတီ၏နိုင်ငံရေးရည်မှန်းချက်ဖြစ်သော အမျိုးသားနိုင်ငံရေးလမ်းစဉ်ကို လုံးဝဖော်ဆောင်နိုင်မှုမရှိဘဲ လမ်းကြောင်းပျောက်ဆုံးနေခြင်းတို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)